# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday, 18 February 2017 (၈၈၄၁)


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိကိုယ်ကိုသာ ကိုးကွယ်အားထားရာ၏။ သူတစ်ပါးသည် မိမိ၏ကိုးကွယ်အားထားရာ မဖြစ်နိုင်ချေ။ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်းဖြင့် ရနိုင်ခဲသော အရဟတ္တဖိုလ်သို့ပင် ရောက်နိုင်၏။ (မိမိကိုယ်စိတ်နှစ်ပါး လုံခြုံအောင် ထိန်းသိမ်းထားနိုင်မှသာလျှင် မိမိကိုယ်သည် ကိုးကွယ်အားထားနိုင်သူဖြစ်လာနိုင်သဖြင့် မိမိကိုယ် စိတ်နှစ်ပါးကို လုံခြုံခိုင်ခံ့အောင် ထိန်းသိမ်းထားရာ၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၀)

# အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၃/၂၀၁၇
၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)
**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ**
**အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)အရ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် **"အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ"**ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးသိန်းဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးလှကျော်<br>ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဦးမျိုးအောင်<br>အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဒေါက်တာခင်ဇော်<br>အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဝင်းခန့်<br>အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးထွန်းထွန်းနိုင်<br>အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးရည်မွန်<br>အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးအေးဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်နိုင်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးအောင်သွင်ဦး<br>ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဝင်းဇော်<br>ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း<br>အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်<br>မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဦးနော်အောင်<br>ကုန်ထုတ်လုပ်ငန်း<br>အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်<br>မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှု<br>လုပ်ငန်းပေါင်းစုံ<br>အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် | အဖွဲ့ဝင် |

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒




# တစ်လတာ YBS နှင့် ရှေ့ဆက်သွားမည့် ဒုတိယမြောက်ခြေလှမ်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့တွင် YBS ယာဉ်လိုင်းများ စတင်ပြေးဆွဲခဲ့သည်မှာ တစ်လ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ စတင်ပြောင်းလဲချိန်မှ ယနေ့အထိ အဆင်မပြေမှုများ၊ အခက်အခဲများ ရှိနေဆဲပင်ဖြစ်ပြီး သက်ဆိုင်ရာအနေဖြင့်လည်း လမ်းကြောင်းများနှင့် ယာဉ်လိုင်းထပ်တိုးခြင်းများကို ညှိနှိုင်းနေရဆဲပင်ဖြစ်သည်။ စနစ်စတင်ပြောင်းလဲခြင်း တစ်လအလွန်တွင် ဒုတိယမြောက်ခြေလှမ်းအဖြစ် လက်ရှိစနစ်အား အဆင့်မြှင့်တင်ရန်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ သတင်းမီဒီယာများနှင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ်စဉ် ပြောကြားလိုက်သည်။

ပထမအဆင့်တွင် ယာဉ်လိုင်းစနစ်များကို ပြောင်းလဲလိုက်ခြင်းဖြစ်ပြီး ဒုတိယအဆင့်တွင် စနစ်အား အဆင့်မြှင့်တင်ရန်အတွက် ခရီးသည်တင်ယာဉ်များအား အဆင့်မြှင့်တင်ခြင်းအစီအစဉ်အနေဖြင့် ကားသစ်များဝယ်ယူဖြည့်တင်းခြင်း၊ ခရီးသည်တင်ယာဉ်များတွင် GPS စနစ် တပ်ဆင်ချိတ်ဆက်ကာ Bus Operator မှ တိုက်ရိုက်ထိန်းချုပ်ညွှန်ကြားသည့်စနစ်ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖




ကြေးမုံ

# အဂတိလိုက်စားမှု တိုက်ဖျက်ရေး

သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်စေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ပထမငါးနှစ်တာကာလမှစတင်၍ အလေးထားဆောင်ရွက်ခဲ့သည်။ ယခုအစိုးရသစ်လက်ထက်တွင် ပြည်သူများ၏တိုင်ကြားစာများ အရည်အသွေးမြင့်မားပြီး သတ်မှတ်ချက်များ ပြည့်စုံမှုကြောင့် အဂတိလိုက်စားမှုများကို ပိုမိုထိရောက်စွာ တိုက်ဖျက်လာနိုင်ခြင်းသည် နိုင်ငံအတွက် ကောင်းသောလက္ခဏာပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ မှန်ကန်စွာဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ကောင်းမွန်သောစီမံခန့်ခွဲမှုကို ပြုလုပ်နိုင်ရန်အတွက် အဓိကကျသည့် ပြည်သူ့ဝန်ထမ်းများ အဂတိလိုက်စားမှုကင်းစင်ရန်လိုအပ်သလို ပြည်သူများအနေဖြင့်လည်း အဂတိလိုက်စားမှုတွင် ပါဝင်ခြင်းမရှိအောင် သတိပြုဖို့လိုအပ်ပါသည်။ လူဟူသည် မိမိတို့အကျိုးစီးပွားအတွက် လောဘနှင့်မကင်းတတ်သဖြင့် အဂတိလိုက်စားမှုကို အလွယ်တကူကျူးလွန်တတ်ကြသည်။ ထိုသို့ကျူးလွန်မိလျှင် အများပြည်သူအကျိုးစီးပွား ထိခိုက်မှုရှိသလို နိုင်ငံအတွက်လည်း အကျိုးယုတ်စေပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှု မပြုမိအောင် သတိပြုဖို့လိုအပ်ပါသည်။

အကယ်၍ အဂတိလိုက်စားမှုပြုမိလျှင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခြင်းခံရနိုင်သဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအတွက် များစွာထိခိုက်နစ်နာမှုဖြစ်နိုင်သည်။ မိမိတို့သည် ပြည်သူနှင့်နိုင်ငံအကျိုးကို ဆောင်ရွက်ရာတွင် ရရှိနိုင်မည့် တရားဝင်ခံစားခွင့်နှင့် အခွင့်အရေးတို့ဖြင့် ကျေနပ်သင့်သည်။ ရိက္ခာနှင့်သိက္ခာကိုမလဲဘဲ ပြည်သူ့အကျိုးကို သန့်ရှင်းစွာ ဆောင်ရွက်သင့်သည်။

အမှန်တကယ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအလုပ်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ အဂတိလိုက်စားမှုသည် မြန်မာနိုင်ငံ၌သာ ကြုံတွေ့ရသည်မဟုတ်။ ကမ္ဘာတဝှမ်းတွင် တွေ့ရလေ့ရှိသော လူမှုရေးရောဂါဆိုးကြီးသဖွယ်ဖြစ်သည်။ အဂတိလိုက်စားမှုနှင့် ပတ်သက်လျှင် အမှုထမ်းများကိုသာမြင်လေ့ရှိသော်လည်း အချို့အဂတိလိုက်စားမှုတွင် အရပ်သားလုပ်ငန်းများလည်း ပါဝင်သည်ကိုတွေ့ရသည်။

နိုင်ငံအများက အဂတိလိုက်စားမှုပပျောက်ရေးအတွက် ကြိုးပမ်းနှိမ်နင်းကြသော်လည်း လာဘ်ပေး လာဘ်ယူမှုအပါအဝင် အဂတိလိုက်စားမှုများ လုံးဝကင်းစင်သည့်နိုင်ငံဟူ၍ မတွေ့ရသေးချေ။ အဂတိလိုက်စားမှုဟူသည်မှာ ကျယ်ပြန့်နက်ရှိုင်းလှသဖြင့် လုပ်ငန်းနယ်ပယ်အလိုက် မိမိတို့၏ပြုမူဆောင်ရွက်မှုများအပေါ် သတိပြု လုပ်ကိုင်တတ်ရန်လိုအပ်ပေသည်။

အဂတိလိုက်စားမှုဟူသည် လာဘ်ငွေ၊ ပစ္စည်း၊ မူးယစ်ဆေးဝါး၊ ငွေကြေးအကျိုးအမြတ် တစ်စုံတစ်ရာကိုသာ လက်ခံခြင်းမဟုတ်ချေ။ ပြည်သူ့ဝန်ထမ်းက မိမိ သို့မဟုတ် မိမိအထက်အရာရှိက ဆောင်ရွက်ခဲ့သည့်၊ ဆောင်ရွက်နေသည့်၊ ဆောင်ရွက်ရန်ရှိသည့် အလုပ်တစ်ခုခုအတွက် မတရားဆောင်ရွက်ပေးခြင်း၊ မဆောင်ရွက်ဘဲနေခြင်း၊ မျက်နှာသာပေးခြင်း၊ နှိမ်ချခြင်းတို့လည်း ပါဝင်ပေသည်။

ထို့အပြင် အစိုးရလျှို့ဝှက်ချက်များကို အသိပေးခြင်း၊ အသုံးပြုခြင်း၊ ဥပဒေနှင့်အညီမဟုတ်ဘဲ ထိန်းသိမ်းထားခြင်း၊ ပေါ့လျော့ခြင်း၊ အခွင့်မရှိဘဲ ဘဏ္ဍာလျှို့ဝှက်ချက်များပေါက်ကြားခြင်း၊ အစိုးရပစ္စည်းကိုခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း၊ ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ခြင်း၊ ထိန်ချန်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းတို့မှာလည်း အကျင့်ပျက်ပြားမှု သို့မဟုတ် အဂတိလိုက်စားမှုများဖြစ်သည်ကို သတိမူရမည်ဖြစ်သည်။

အဂတိလိုက်စားမှုကို အလွယ်တကူကျူးလွန်မိကြရာတွင် တစ်စုံတစ်ဦးကို(အထူးသဖြင့်ဝန်ထမ်းကို) ငွေကြေးပေးခြင်း သို့မဟုတ် မျက်နှာသာပေးခြင်းဖြင့် ထိုသူက မိမိအလိုရှိသည့်အတိုင်း ဆောင်ရွက်စေခြင်းဖြစ်သည်ကိုလည်း သိရှိထားသင့်သည်။

အဂတိလိုက်စားမှုသည် လူမှုရေးရောဂါဖြစ်သည်နှင့်အညီ ယင်းရောဂါပပျောက်စေလိုလျှင် ဥပဒေအရ အရေးယူသည့်နည်းလမ်းအပြင် ဝန်ထမ်းများ၏စားဝတ်နေရေး၊ သက်သာချောင်ချိရေးကို လူတန်းစေ့နေထိုင်နိုင်အောင် ဆောင်ရွက်ပေးခြင်း၊ အဂတိလိုက်စားခြင်း၏ဆိုးကျိုးကို ပညာပေးခြင်း၊ ကျင့်ဝတ်တစ်ရပ်အနေဖြင့် စောင့်ထိန်းကြစေရန် အမြဲသတိပေးနှိုးဆော်ခြင်းစသည့် လူမှုရေးနည်းလမ်းများဖြင့်ပါ ဘက်စုံဆောင်ရွက်ပေးသင့်ပါကြောင်း။ ။

# ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများသာမက မကူးစက်နိုင်သောရောဂါများကာကွယ်ကုသရေးကိုပါ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**




ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မကူးစက်နိုင်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် HelpAge International တို့ ပူးပေါင်းဆောင်ရွက်သော မကူးစက်နိုင်သော ရောဂါများ ကာကွယ်ကုသရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၁၇-၂၀၂၁) အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည်။

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မကူးစက်နိုင်သော ရောဂါများ ကာကွယ်ကုသရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ပထမအဆင့်(မူကြမ်း)ကို ရေးဆွဲနိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွား သေဆုံးမှုစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်သည် မကူးစက်နိုင်သော ရောဂါများကြောင့်ဖြစ်ရာ ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကိုသာမက မကူးစက်နိုင်သော ရောဂါများ ကာကွယ်ကုသရေး လုပ်ငန်းများကိုပါ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားသည်။

အဆိုပါ စီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချမှတ်ပေးထားသည့် မကူးစက်နိုင်သောရောဂါများဆိုင်ရာTarget များ ပြည့်မီစေရေးအတွက် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများ ဖော်ထုတ်ရေးဆွဲသွားရန် လိုအပ်ကြောင်းနှင့် အဆိုပါ စီမံကိန်းအား အမျိုးသား ကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)တွင်လည်း ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်သွားရန် အလွန်အရေးကြီးကြောင်းလည်း အမြဲတမ်းအတွင်းဝန်က ပြောကြားခဲ့သည်။

ထို့နောက် HelpAge International မှ Country Director Mr. Godfred Paul က အမှာစကားပြောကြားပြီး မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ရွှေက မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးမှူးများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာဆွေးနွေးခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်းနံပါတ်-(၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉) သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်(ရွှေဈေး) ၈၉၄၀၀၀ - ၈၉၄၀၀၀ မန္တလေး(ရွှေဈေး) ၈၉၄၀၀၀ - ၈၉၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၈.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈.၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၇၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄.၆၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၇.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၄၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၄.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၇.၆၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဇင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃။
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅

❒ရှေ့ဖုံးမှ

(ဍ) ဒေါ်ခိုင်ဇာအောင် အဖွဲ့ဝင်
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့

(ဎ) ဦးနိုင်သိန်းအောင် အဖွဲ့ဝင်
စိုက်ပျိုးရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေး၊ အလုပ်သမားနှင့်
စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(ဏ) ဦးတင်မြင့် အဖွဲ့ဝင်
မွေးမြူရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
ရေလုပ်သားအလုပ်သမားအဖွဲ့အစည်း
လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(တ) ဒေါ်ရင်ရင်ဝင်း အဖွဲ့ဝင်
ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း

(ထ) ဒေါ်ခိုင်ခိုင်နွယ် အဖွဲ့ဝင်
ကုန်ထုတ်လုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(ဒ) ဒေါ်ဝါဝါမင်း အဖွဲ့ဝင်
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(ဓ) ဦးလူမော်မြင့်မောင် အဖွဲ့ဝင်
စိုက်ပျိုးရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

(န) ဒေါက်တာခင်လှိုင် အဖွဲ့ဝင်
မွေးမြူရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(ပ) ဒေါက်တာဇော်ဦး အဖွဲ့ဝင်
Myanmar Development Resource Institute

(ဖ) ဒေါက်တာသန်းဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(ဗ) ဦးစိန်လှ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ငြိမ်း)
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ဘ) ဦးခင်မောင်ညို(ဘောဂဗေဒ) အဖွဲ့ဝင်
စီးပွားရေးသုတေသီ

(မ) ဒေါက်တာမျိုးမျိုးမြင့် အဖွဲ့ဝင်
Center for Economy,Environment and Society Myanmar

(ယ) ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ရ) ဦးဝင်းရှိန်
ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် အခြေခံသင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့်မူဝါဒများချမှတ်ခြင်း။

(ခ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ဂ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့် မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီများအား လမ်းညွှန်ခြင်း။

(ဃ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အခြေခံသင့်သည့်အချက်များနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများ ကောက်ယူ၍ စိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့် အစီအစဉ်များချမှတ်ခြင်း။

(င) အနည်းဆုံးအခကြေးငွေကို နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်သော်လည်းကောင်း၊ ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက်သော်လည်းကောင်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ အခန်း(၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်သင့်သည့်အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို သတ်မှတ်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။

(စ) ပုဒ်မခွဲ(င)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်မည့် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန် တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုအတွက် အခကြေးငွေနှုန်းထားကို လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှု အလားအလာ အပေါ် လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြခြင်း။

(ဆ) အမျိုးသားကော်မတီ၏ အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိခဲ့လျှင် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီး ပြန်လည်တင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင်ကော်မတီများဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဇ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခြင်း။

(ဈ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ည) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း။

(ဋ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀-၁၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရန်ကုန်မြို့ ယာဉ်ရပ်မှတ်တိုင်ပေါင်း ၂၀၀၀ ကျော်အနက် မှတ်တိုင် ၂၅၀ ကို အဆင့်မြှင့်တင်ရန် တင်ဒါခေါ်ယူထား

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့ရှိ ခရီးသည်တင်ယာဉ်များ ရပ်တန့်ရာ ယာဉ်ရပ်မှတ်တိုင်ပေါင်း ၂၅၀၀ ခန့်အနက် မှတ်တိုင် ၂၅၀ ခန့်ကို အဆင့်မြင့်ယာဉ်ရပ်မှတ်တိုင်များအဖြစ် ဆောင်ရွက်ရန် တင်ဒါခေါ်ယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရန်ကုန်မြို့ရှိ ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲမှု YBS စနစ် ပြောင်းလဲခြင်းနှင့်အတူ ယာဉ်ရပ်မှတ်တိုင်များကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ ယာဉ်လိုင်းခရီးစဉ်အလိုက် သတင်းအချက်အလက်ပေးနိုင်သည့် ခေတ်မီယာဉ်ရပ်မှတ်တိုင်များအဖြစ် ဆောင်ရွက်သွားရန်အတွက် မှတ်တိုင် ၂၅၀ ခန့်ကို ပုဂ္ဂလိကကုမ္ပဏီများသို့ တင်ဒါခေါ်ယူထားကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ မင်္ဂလာခန်းမတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။

"ဘတ်စ်ကား မှတ်တိုင် ၂၅၀ ကို တင်ဒါခေါ်ထားပါတယ်။ အဲဒီမှာ E စနစ်နဲ့ ကျင့်သုံးနိုင်ဖို့ ဖြစ်ပါတယ်။ သတင်းအချက်အလက်တွေ ပေးနိုင်တဲ့ ဘတ်စ်ကားမှတ်တိုင်တွေအဖြစ် ရန်ကုန်မှာ မှတ်တိုင်ပေါင်း ၂၅၀၀ လောက်ရှိတဲ့အနက် ၂၅၀ ကို အရင်ဆုံး တင်ဒါခေါ်ယူဆောင်ရွက်တာပါ။ ကျန်တာတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်ကထည့်သွင်းပြောကြားသွားသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၁၇ ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေးစနစ်အပြောင်းအလဲကို မ. ထ. သ စီမံအုပ်ချုပ်သည့် စနစ်ပုံစံမှ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ ကွပ်ကဲမှုပုံစံဖြင့် စတင်ပြောင်းလဲခဲ့ပြီး ဆက်လက်၍ သုံးလတာကာလအတွင်း ခရီးသည်တင်ယာဉ်များ ဝယ်ယူဖြည့်တင်းခြင်း၊ ခရီးသည်တင်ယာဉ်များတွင် GPS စနစ်များ တပ်ဆင်ချိတ်ဆက်ခြင်း၊ ယာဉ်ရပ်မှတ်တိုင်များကို အဆင့်မြှင့်တင်ခြင်း၊ ကတ်စနစ်သုံး ငွေပေးချေစနစ် ကျင့်သုံးခြင်းတို့ကို အဆင့်အလိုက် ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ခရီးသည်တင်ဘတ်စ်ကားများ ဝယ်ယူခြင်းအတွက် ငွေကျပ် ၆၀ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ပြီး ကားဂိတ်ရင်း ဂိတ်ဖျားများ၊ ယာဉ်ရပ်မှတ်တိုင်များ ဆောင်ရွက်ခြင်းအတွက် ကျပ် ၁၀ ဘီလီယံ အသုံးပြုသွားမည်ဟု သိရသည်။

လက်ရှိတွင် ခရီးသည်တင် ယာဉ်ရပ်မှတ်တိုင် ၂၅၀ အတွက် တင်ဒါခေါ်ယူထားပြီး စီးပွားရေးကြော်ငြာများအတွက် လုပ်ငန်းရှင်များအနေဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(၀၀၁)**




# ကျေးလက်ရေပေးရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှု

**သထုံ ဖေဖော်ဝါရီ ၁၇**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် United Green Wave ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် သထုံမြို့နယ် ကမာစိုင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ ဦးစီးအရာရှိ(နည်းပညာ)ဒေါ်စန်းနွဲ့ကြည်နှင့် အင်ဂျင်နီယာဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်နှင့်သတ်မှတ် စံချိန်စံညွှန်းများ ပြည့်မီစွာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# တံတားကြမ်းခင်းဆောင်ရွက်မှုစစ်ဆေး

**မှော်ဘီ ဖေဖော်ဝါရီ ၁၇**

ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဥသျှစ်ကုန်း-သာယာကုန်းလမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတားပေ (၃၀×၁၄×၁၆)ကြမ်းခင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ် ဦးစီးမှူး ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ တို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပါကစ္စတန်တောင်ပိုင်းရှိ ဘာသာရေးဆိုင်ရာဗိမာန်၌ အသေခံဗုံးခွဲ၊ လူ ၁၀၀ နီးပါးသေဆုံးပြီး အများအပြားဒဏ်ရာရ



**ကရာချိ ဖေဖော်ဝါရီ ၁၇**

ပါကစ္စတန်နိုင်ငံတွင် ယခုရက်သတ္တပတ်အတွင်း လူအသေအပျောက်အများဆုံး ဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းက နိုင်ငံတောင်ပိုင်း ကရာချိမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာ ဆာဝန်မြို့ရှိ ဘာသာရေးဆိုင်ရာ ဗိမာန်တစ်ခုတွင် ဖြစ်ပွားခဲ့ရာ လူ ၁၀၀ နီးပါးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ဆာဝန်မြို့ရှိ မွတ်စလင် သူတော်စင်ကြီး လာလ်ရှာဘတ်ဇ် ကွာလာဒါ၏ အထိမ်းအမှတ် ဂူဗိမာန်တွင် ယင်းနေ့ညပိုင်းက လူအများစုဝေးကာ ဝတ်ပြုဆုတောင်းနေစဉ် အိုင်အက်စ်စစ်သွေးကြွအဖွဲ့က အသေခံဗုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အသေခံဗုံးခွဲသမားသည် ဗိမာန်၏ ရွှေတံခါးမှ ဗိမာန်အတွင်းသို့ ဝင်ရောက်လာကာ သူတော်စင်အား ဝတ်ပြုကခုန်သည့်ပွဲ ကျင်းပရာနေရာအနီးတွင် ဦးစွာလက်ပစ်ဗုံးတစ်လုံးကို လူအုပ်အတွင်းသို့ ပစ်ပေါက်ခဲ့ကြောင်း၊ ယင်းလက်ပစ်ဗုံးမှာ ပေါက်ကွဲခြင်းမရှိကြောင်း၊ ယင်းနောက်တွင် ကိုယ်ပေါ်၌ တပ်ဆင်လာသောဗုံးကို အသေခံဖောက်ခွဲခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့မှ အရာရှိ တာရစ်ဝဲလ်ရတ်က ပြောကြားသည်။

ယင်းအသေခံဗုံးဖောက်ခွဲမှုကြောင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူ ၁၀၀ နီးပါး သေဆုံးကြောင်း ဆာဝန်ရဲတပ်ဖွဲ့မှ အရာရှိ ရာဆူးလ်ဘက်ကက်ရှ်က သတင်းထောက်များအား ပြောကြားသည်။

ယင်းဗုံးဖောက်ခွဲမှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)အမ်ကွက်စ် သတင်းဌာနမှ ကြေညာခဲ့သည်။

အသေခံဗုံးဖောက်ခွဲရေးသမားက ဆင်းပြည်နယ်အတွင်းရှိ ရှီးယိုက်မွတ်စလင်တို့၏ စုဝေးမှုကိုပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

**ပီတီအိုင်။**




# တိုက်လေယာဉ်ဝယ်ယူသည့်ကိစ္စ လိမ်လည်လှည့်ဖြားမှု အဲဘတ်စ်ကုမ္ပဏီကို ဩစတြီးယား တရားစွဲဆို

**ဗီယင်နာ ဖေဖော်ဝါရီ ၁၇**

တိုင်ဖွန်းအမျိုးအစား စစ်လေယာဉ်များဝယ်ယူရေး ကန်ထရိုက်စာချုပ်နှင့် ပတ်သက်၍ အဲဘတ်စ်ကုမ္ပဏီနှင့် ယူရိုဖိုက်တာ အုပ်စုတို့ကို ဩစတြီးယားအစိုးရက တရားစွဲဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဩစတြီးယားနိုင်ငံသည် တိုင်ဖွန်းတိုက်လေယာဉ်များ ဝယ်ယူရေး သဘောတူညီချက်နှင့်ပတ်သက်၍ ဈေးနှုန်းဆိုင်ရာ လိမ်လည်လှည့်ဖြားမှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများရှိခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ဥရောပလေယာဉ်ထုတ်လုပ်ရေး အဲဘတ်စ်ကုမ္ပဏီအား တရားစွဲဆိုလိုက်ကြောင်း ဩစတြီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၃ ခုနှစ် ကန်ထရိုက် သဘောတူညီချက်အရ အဲဘတ်စ်ကုမ္ပဏီက ယူရို နှစ်ဘီလီယံဖိုးရှိ ဂျက်တိုက်လေယာဉ် ၁၅ စင်းကို ဩစတြီးယား အစိုးရအဖွဲ့ထံ ရောင်းချပေးခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး စုံစမ်းတွေ့ရှိချက်များကို ထုတ်ပြန်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

**ရိုက်တာ။**

# ရုရှားနိုင်ငံနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် မဖြစ်နိုင်သေးကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံအနေဖြင့် ကာကွယ်ရေးကဏ္ဍတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်မှုများပြုလုပ်ရန် ယခုလောလောဆယ်တွင် မဖြစ်နိုင်သေးကြောင်း ကာကွယ်ရေးဝန်ကြီး ဂျမ်မတ်တစ်က ဆိုသည်။

ဖေဖော်ဝါရီ ၁၆ ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် နေတိုးအဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်တစ်က မီဒီယာသို့ ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်က ရုရှားနိုင်ငံက စစ်အေးကာလ လက်နက်ထိန်းချုပ်ရေး ကတိစာချုပ်ကို ချိုးဖောက်ကာ နျူကလီးယား ဒုံးကျည်တစ်စင်းကို နိုင်ငံအတွင်း တပ်ဖြန့်ထားခဲ့သည်။

ရုရှားနိုင်ငံ၏ ရန်လိုသော အပြုအမူများသည် ယူကရိန်းအရေးကိစ္စကဲ့သို့ပင် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် အမေရိကန်အနေဖြင့် ယခုကဲ့သို့သော အနေအထားတွင် ရုရှားနိုင်ငံနှင့် ကာကွယ်ရေးကဏ္ဍတွင် မည်သည့်နည်းနှင့်မျှ ပူးပေါင်းဆောင်ရွက်မည်မဟုတ်ဟု ကာကွယ်ရေးဝန်ကြီး မတ်တစ်က ဆိုသည်။

သို့သော် အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ကာကွယ်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး အဖြေရှာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ရုရှားနိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေများကို လိုက်နာရန် လိုအပ်ကြောင်း ဝန်ကြီးမတ်တစ်က ဆိုသည်။

သမ္မတ ဒေါ်နယ်လ်ထရမ့်က သမ္မတရာထူးတာဝန်များ မထမ်းရွက်မီ အမေရိကန်နှင့် ရုရှား နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်စေရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က အိုင်အက်စ်စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းရန် အမေရိကန်သမ္မတထရမ့်နှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း ယခင်က ပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်တစ်က ကာကွယ်ရေးကဏ္ဍတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်ရန် သတိကြီးကြီးထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**




# နှစ်နိုင်ငံအတူ ယှဉ်တွဲနေထိုင်ရေးနည်းလမ်း ထရန့်ထောက်ခံသည်ဟု အမေရိကန်သံအမတ်ကြီးပြော

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၇**

ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအား ဖြေရှင်းနိုင်ရေးအတွက် နှစ်နိုင်ငံယှဉ်တွဲနေထိုင်ရေး အယူအဆကို အမေရိကန်က ယနေ့ထက်တိုင် ထောက်ခံဆဲဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား နှစ်နိုင်ငံအတူယှဉ်တွဲနေထိုင်ရေး အယူအဆကို ယခင်အမေရိကန်အစိုးရအဖွဲ့က နှစ်ပေါင်းကြာရှည်ထောက်ခံပြောဆိုလာခဲ့သည်။ သမ္မတသစ် ဒေါ်နယ်လ်ထရန့်က အခြားနည်းလမ်းများကိုလည်း လေ့လာရန် လိုအပ်သည်ဟု ပြောကြားလိုက်ပြီးနောက် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟယ်လေက ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အစ္စရေးနှင့်ပါလက်စတိုင်းအကြား ဖြစ်ပေါ်နေသော ပဋိပက္ခကို ဖြေရှင်းနိုင်ရေးအတွက် နှစ်နိုင်ငံအတူ ယှဉ်တွဲနေထိုင်ရေးဟူသော မူဝါဒတစ်ခုတည်းကို ကိုင်စွဲခြင်းမပြုဘဲ အခြားနည်းလမ်းများအတွက် မိမိတံခါးဖွင့်ထားကြောင်း သမ္မတထရန့်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အိမ်ဖြူတော်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နှစ်နိုင်ငံယှဉ်တွဲနေထိုင်ရေး၊ တစ်နိုင်ငံတည်းပေါင်းစည်းတည်ရှိရေးဟူသော ရွေးလမ်းနှစ်ခုကို မိမိလေ့လာနေကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအတူ ယှဉ်တွဲနေထိုင်ရေး နည်းလမ်းကို မိမိတို့ ထောက်ခံကြောင်း၊ နှစ်နိုင်ငံအတူ ယှဉ်တွဲနေထိုင်ရေးအယူအဆကို အမေရိကန်ပြည်ထောင်စုက ယခုထက်တိုင် ထောက်ခံဆဲဖြစ်သော်လည်း အခြားနည်းလမ်းများအတွက်လည်း စဉ်းစားလျက်ရှိကြောင်း သံအမတ်ကြီးက ပြောကြားသည်။

**ရိုက်တာ။**

# တရုတ်နှင့် အိန္ဒိယ မဟာဗျူဟာဆွေးနွေးပွဲပြုလုပ်မည်

**ပေကျင်း ဖေဖော်ဝါရီ ၁၇**

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် လာမည့်သီတင်းပတ်တွင် ပေကျင်းမြို့၌ မဟာဗျူဟာဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်ယိစူနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူပါမာနယမ် ဂျီရှင်ကာတို့က ပူးတွဲသဘာပတိအဖြစ် ဦးဆောင်၍ လာမည့် ဗုဒ္ဓဟူးနေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှန်က နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နှစ်ဖက်စလုံးက နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သကဲ့သို့ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ပြဿနာများကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသည် နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍအတွက် အလွန်အရေးပါပြီး နိုင်ငံရေးဆိုင်ရာ အပြန်အလှန်ယုံကြည်မှုခိုင်မြဲလာမည်ဟု မျှော်လင့်ရကြောင်းနှင့် အပြန်အလှန်ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း ဂျန်ရှန်က ပြောကြားသည်။ **ဆင်ဟွာ။**

# ဥပဒေကြမ်းများဆွေးနွေးရာတွင် ပြင်ဆင်လိုသည့်အချက်ကို အဓိကထားဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဥပဒေကြမ်းကို ဆွေးနွေးရာတွင် မိမိတို့ပြင်ဆင်လိုသည့် ဥပဒေပါပြင်ဆင်ချက်အား အဓိကထားဆွေးနွေးရန်လိုကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုတွင် လိုရင်းအချက်များနှင့်စပ်လျဉ်း၍ လွဲချော်မှုများရှိခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လွှတ်တော်နာယက က ယခုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် မည်ကဲ့သို့ ပြင်ဆင်လိုသည်ကို လက်မှတ်ရေးထိုး၍ ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် တင်ပြထားပါကြောင်း၊ အဆိုပါတင်ပြချက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် အဓိကထားဆွေးနွေးရန်လိုအပ်ပါကြောင်း သတိပေးပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်နှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းကို ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၏ အဌမနေ့ကျင်းပမည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်၊ အောင်ရဲသွင်၊ နိုင်နိုင်ဝင်း (သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)အတွက် ဂျာမနီနိုင်ငံမှ ယူရို ၅ သန်း ချေးယူရန်အတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခြင်း၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျာမနီနိုင်ငံ KFW Development Bank ထံမှ ယူရို ၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက အဆိုပါ ချေးငွေကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်နှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပြည်ပသို့ ရောင်းချသည့် အထူးကုန်စည်များတွင် အထူးကုန်စည်ခွန် ကောက်ခံရန် အပိုဒ်ခွဲ(ခ)တွင် ကျောက်စိမ်းအရိုင်းထည်များ၊ ပတ္တမြား၊ နီလာ၊ စိန်နှင့် မြ အရိုင်းထည်များအတွက် အခွန်နှုန်းထား ၁၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်း သတ်မှတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ကျောက်မျက်ရတနာအရိုင်းထည်များအပေါ် အခွန်တိုးမြှင့် စည်းကြပ်ခြင်းဖြင့် တန်ဖိုးမြင့်ကုန်စည်များ ထုတ်လုပ်ရောင်းချရေးကို အားပေးမြှင့်တင်ရာရောက်ပါကြောင်း၊ ရွှေထည်လက်ဝတ်ရတနာများ ရောင်းရငွေအပေါ်တွင် ၅ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည်ဟု ပြင်ဆင်သင့်ပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုသည်မှာ စားသုံးသူများက ပေးဆောင်ရခြင်းဖြစ်သည့်အတွက် ရွှေထည်လက်ဝတ်ရတနာများ ကုန်သွယ်လုပ်ငန်းခွန်ကို မူလအဆိုပြုချက် ၃ ရာခိုင်နှုန်းအစား စားသုံးသူများသက်သာစေရန် ၁ ရာခိုင်နှုန်းသာ အခွန်ကောက်ခံရန် ဥပဒေကြမ်းကော်မတီမှ အကြံပြုခဲ့ပါကြောင်း၊ အခွန်ဆိုသည်မှာ နိုင်ငံသားတိုင်းအတွက် မွေးဖွားသည်မှ သေဆုံးသည့်အချိန်အထိ ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ငွေပိုငွေလျှံရှိပြီး အလှူဆင်ရန် စုဆောင်းသည့်အတွက် အသုံးပြုသော လက်ဝတ်ရတနာများအပေါ် အခွန်နှုန်းလျှော့ချရသည့်အကြောင်းကို ရှင်းလင်းပေးရန် လိုအပ်ပါကြောင်း။

စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုနိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ ငွေကြေးအရင်းအမြစ်များ စုစည်းအသုံးချရန်အတွက် အများပိုင်ကုမ္ပဏီများနှင့် စတော့ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးရန်လိုသော်လည်း ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ မပေးသင့်ပါကြောင်း၊ သက်သာခွင့်ရရှိရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ သက်သာခွင့် လျှောက်ထားရန်လိုအပ်ပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ အခွန်ရငွေနှင့် GDP အချိုးမှာ ၈ ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်၍ အာဆီယံနိုင်ငံများတွင် အနိမ့်ဆုံး အဆင့်ဖြစ်နေသည့်အတွက် အခွန်အကောက်ရငွေ တိုးတက်ရေး ဆောင်ရွက်ရာတွင် နှစ်စဉ်သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ၊ ချမှတ်ထားသော အခွန်မူဝါဒများနှင့်အညီ ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိရေးကို ဦးတည်ထားရှိ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် အခွန်ကို တာဝန်တစ်ရပ်အနေဖြင့် ထမ်းဆောင်လာစေရေးအတွက် မိမိတို့ ထမ်းဆောင်ခဲ့ရသော အခွန်များသည် မည်မျှအကျိုးရှိပြီး တိုင်းပြည်အတွက် မည်မျှအထောက်အကူပြုသည်ကိုသိရှိ၍ ပြည်သူများ ပူးပေါင်းပါဝင်မှုရှိရန်လည်း လိုအပ်သကဲ့သို့ ပြည်သူ့ထံမှ အခွန်အကောက်ရယူပြီး ထိုက်တန်သည့် ပြည်သူ့ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က ဥပဒေကြမ်းပါ အချက်များကို အပေါ်ယံကြည့်ပါက တာဝန်ကျေအခွန်ထမ်းနှင့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေဖြစ်၍ သာမန်အားဖြင့် လက်ခံနိုင်သော်လည်း ထဲထဲဝင်ဝင် ဆန်းစစ်ကြည့်ပါက ဝန်ကြီးဌာနများအကြား မမျှတမှုကို ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ပြည်ထောင်စုအစိုးရတစ်ရပ်လုံး အနေဖြင့် ကောက်ခံမည့် အခွန်အမျိုးအစားပေါင်း ၃၀ ကို ဝန်ကြီးဌာန ၉ ခုက တာဝန်ယူကောက်ခံနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်ဝန်ထမ်းများအနေဖြင့် စွမ်းရည်ရှိသလောက် အလုပ်လုပ်ပါက လုပ်သလောက် အကျိုးခံစားခွင့်ရှိသည့်စနစ်ကို ကြိုဆိုပါကြောင်း၊ သို့သော် အစိုးရတစ်ရပ်လုံးအနေဖြင့် ဝန်ထမ်းများကို စွမ်းရည်ရှိသလောက် အကျိုးခံစားခွင့်ကို ဝန်ကြီးဌာနများအကြား သာတူညီမျှရှိရန် သီးခြားအစီအစဉ်တစ်ရပ်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း။

ယခုကဲ့သို့ တစ်နှစ်ချင်းစီပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ကွက်ကြားမိုးရွာသကဲ့သို့ ထည့်သွင်းထားခြင်းသည် မသင့်ပါကြောင်း၊ အချိန်ပေး၍ သီးသန့်ဥပဒေ ပြဋ္ဌာန်းသင့်ပါကြောင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း ပုဒ်မ ၃၈တွင် မိခင်ဥပဒေဖြစ်သည့် အထူးကုန်စည်ခွန် ပုဒ်မ (၂၂)ပုဒ်မခွဲ (ဂ)အရ အခွန်မပေးဆောင်ရသေးသည့် အထူးကုန်စည်ခွန်အတွက် တပ်ရိုက်သည့်ဒဏ်ငွေ၏ ၂၀ ရာခိုင်နှုန်းအား သတင်းပေးသူကို လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးပေးသူကိုလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်မည်ဟု သိရှိရပါကြောင်း၊ ယင်းသည် အခွန်ထမ်းပြည်သူများအား တရားခံကဲ့သို့ သဘောထားနေခြင်းဖြစ်ပြီး လက်ရှိသွားနေသည့် အခွန်စနစ်တစ်ခုလုံး ပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးသော အစီအစဉ်တစ်ရပ်ဖြစ်သည့် အခွန်ရုံးမှ စည်းကြပ်သည့်စနစ်မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ကူးပြောင်းဆောင်ရွက်သည့်စနစ်နှင့် ဆန့်ကျင်နေပါကြောင်း၊ ဥပဒေတိုင်းသည် ရည်ရွယ်ချက်ကောင်းများနှင့် ပြဋ္ဌာန်းပြီး အကြောင်းအကျိုးဆီလျော်ရန် လိုအပ်သည့်အပြင် ဥပဒေလိုက်နာရမည့်သူများအတွက်လည်း အဓိပ္ပာယ်ရှိရှိ လက်တွေ့ကျကျ လိုက်နာနိုင်မည့် ဥပဒေဖြစ်ရန် လိုအပ်ကြောင်း၊ အထူးကုန်စည်ခွန်ဥပဒေအား ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်က ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်တွင် ဆေးပေါ့လိပ်အား တစ်လိပ်ရောင်းဈေး ၁၀ ကျပ်အထက်ဖြစ်လျှင် တစ်လိပ်လျှင် ၅၀ ပြား၊ တစ်လိပ်ရောင်းဈေး ၁၁ ကျပ်နှင့်အထက်ဖြစ်လျှင် တစ်လိပ်ရောင်းဈေး ၁ ကျပ်နှုန်း ကောက်ခံရန် အဆိုပြုထားပါကြောင်း၊ ပြင်ပဈေးကွက်တွင် ရောင်းချနေသည့် ပေါက်ဈေးများနှင့် နှိုင်းယှဉ်ပါက အခွန်နှုန်းထားသည် အများဆုံး ၅ ရာခိုင်နှုန်းသာ ရှိနေပါကြောင်း၊ မိမိအဆိုပြုချက်အနေဖြင့် ဆေးပေါ့လိပ်ရောင်းဈေး ၁၀ ကျပ်နှင့်အထက်ဖြစ်ပါက တစ်လိပ်လျှင် ၁ ကျပ်၊ တစ်လိပ်ရောင်းဈေး ၁၁ ကျပ်နှင့်အထက်ဖြစ်လျှင် တစ်လိပ်လျှင် ၂ ကျပ် ကောက်ခံရန်ဖြစ်ပါကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့်အတိုင်း ဆေးလိပ်သည် အရေးကြီးသည့် အထူးကုန်စည်တစ်မျိုးဖြစ်ပါကြောင်း၊ အထူးကုန်စည်ခွန်များ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ လက်တွေ့လိုက်နာထမ်းဆောင်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ စီးကရက်များ၏ ကောက်ခံသည့် အခွန်နှုန်းထားများကိုလည်း တိုးမြှင့်ကောက်ခံသင့်ပါကြောင်း ပြောကြားသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းကို လာမည့်လွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး၏ အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ အောင်ရဲသွင်၊ နိုင်နိုင်ဝင်း (သတင်းစဉ်)**



လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံး



ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

### ၁။ ပြည်ထဲရေးထက် ဘာမှမခက်

တခြားကိစ္စတစ်ခုနှင့်ပတ်သက်ပြီး မဟာမင်းလှမင်းခေါင်ဘွဲ့ခံ ဦးရွှန်း၏ ဥမ္မာဒန္တီပျို့လာ ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်၏ ဆိုသောအယူအဆအကြောင်း ကျွန်တော်ရေးခဲ့ဖူးပြီ။ ယခုကား ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်ရပါမည်။ ယခင်နှစ်နိုဝင်ဘာလလယ်မှစ၍ ပြတ်တောက်သွားခဲ့သော ဖတ်ကြည့်ကိုပြန်လည်အသက်သွင်းရန် ၂၀၁၇ နှစ်ဆန်းချိန်မှပင်စတင်၍ ကျွန်တော် ကြိုးစားပါသည်။ စာပေတာဝန်များကြောင့် ဇန်နဝါရီလ နောက်ဆုံး ပတ်တွင်မှ ပြန်လည်အားယူနိုင်ခဲ့သည်။ သို့သော် လုပ်ကြံသတ်ဖြတ်မှုတစ်ခုအပါအဝင် ပြည်တွင်းမငြိမ်သက်မှုများနှင့် မြန်မာနိုင်ငံရေးလမ်းကြောင်းအတွက် အလွန်အရေးပါလှသော **ဒုတိယပင်လုံ**ကိစ္စတို့ဝင်လာသည်။ စာပေဝေဖန်ရေးသမား၏ ဘဝတာဝန်မှာ စာများများဖတ်ပြီး ဝေဖန်စာများများရေးရန်ဖြစ်သည်။ သို့သော် ရောမမြို့ကြီး မီးဟုန်းဟုန်းတောက်နေဆဲမှာ "စောင်းတော် သိင်္ဂီ၊ သာယာလှညင်းညင်း" လုပ်မနေသင့်ပါ။ ပြည်ထဲရေးက မုန်တိုင်းထန်နေဆဲမှာ **ယမုန်နာ သီတာ သောင်ခြေဦးမှာလ၊ ချစ်သမျှကို၊ မြင်းမိုရ်ရွှေတောင် လုံးသာပ** လုပ်မနေထိုက်ပါ။ ကျွန်တော်တို့သည် တိမ်လွှာတွေအထက်မှာ တစ်ကိုယ်တော် ပျံသန်းနေသော ဇီဝဇိုးငှက်မဟုတ်ပါ။ အစားအစာ၊ ထွားထွားမြည့်ကြေ၊ ငတ်မွတ်နေကြသောလူသားများ၊ စစ်ရေးမက်ရေး၊ ရန်သူ့ဘေးကြောင့်၊ အပြေးအလွှဲ၊ ဆွေမျိုးကွဲသော ဒုက္ခသည်များ၏ အထက်အာကာသမှာဖြတ်သန်းပျံသွားမည့် အာကာသယာဉ်မဟုတ်ပါ။

ခရီးသွားခြင်းသုံးမျိုးတွင် နားဖြင့်ခရီးသွားခြင်းဟုရှိ၏။ မေးမြန်း၍ ကြားနာခြင်းဖြစ်သောကြောင့် ပါးစပ်ဖြင့်ခရီးသွားခြင်းဟုလည်းခေါ်သည်။ နယ်စပ်ဒေသမှ မိတ်ဆွေများနှင့်စကားပြောကြည့်သောအခါ ဘယ်သူတွေ ဘာလုပ်နေကြသည်ကိုသိသည်။ ဒုတိယပင်လုံမှ စကားသံများကိုလည်း ကြားရသည်။

ပြည်ထဲရေးထက် ဘာမှပိုမခက်ပါ။ ထိုအခက်ကို ဖြေရှင်းရန်လမ်းစရှာသူက ရှာနေလေပြီ။ ကျွန်တော်တို့၏ နောင်ညီနွယ်ဖွား တိုင်းရင်းသားတို့ ပြုံးပျော်နိုင်ကြပါစေသတည်း။

### ၂။ ကြည်အေး

မြန်မာစာပေနယ်တွင် ထိပ်တန်း၌ တစ်နေရာရထားသော ဆရာမကြီး (ဒေါ်)ကြည်အေး ၂၀၁၆ နှစ်ကုန်ရက်များမှာ ကွယ်လွန်သွားခဲ့ပါသည်။ ကမ္ဘာ့အဆင့်ဝင်ဟုပြောနိုင်လောက်သော ကဗျာများ၊ ဝတ္ထုများကို ရေးသွားခဲ့သူ ကြည်အေးနှင့်ပတ်သက်၍ ပြောစရာများရှိနေခဲ့သည်။ ကြည်မွေ့အိမ်က ဧရာဝတီစာပေပွဲတော်တစ်ခုတွင် ကြည်အေး၏ ဝတ္ထုများလေ့လာချက် စာတမ်းတစ်စောင်တင်ခဲ့သည်။ မအိ၊ နှင်းဝေငြိမ်းနှင့် ကြည်မွေ့အိမ်တို့ ဦးဆောင်သော စာဖတ်ဝိုင်းက သန်လျင်တွင် ၂၀၁၇ ဇန်နဝါရီ ၂၁ ရက်၌ "မိ" ဝတ္ထုဆွေးနွေးပွဲ လုပ်ကြသည်။ နောက်တစ်ပတ်အကြာ ဇန်နဝါရီ ၂၈ ရက်၌ စာပေဗိမာန်တွင် မြန်မာချစ်သူအသင်းက ဦးဆောင်၍ ကြည်အေးဆွေးနွေးပွဲကျင်းပသည်။

(ဆရာ) ဒဂုန်တာရာသည် လူသားဖြစ်တည်မှုကို စိတ်ဝင်တစားရှိသော်လည်း လူတန်းစားတိုက်ပွဲနှင့် နိုင်ငံရေးသမိုင်းကို ပိုပြီးဇောင်းပေးခဲ့သူဖြစ်သည်။ ပြည်တွင်းမှာ နေထိုင်သူဖြစ်၍ သူကွယ်လွန်သောအခါ စာပေနယ်၏ သတင်းကြီးတစ်ပုဒ်ဖြစ်သွားသည်။ ကြည်အေးကတော့ လူသားဖြစ်တည်မှုကို အနုပညာရှုထောင့်ဖြင့်သာ ကြည့်ခဲ့သူဖြစ်ခဲ့၍လား၊ ပြည်ပမှာနေထိုင်သူဖြစ်နေ၍လားမသိ၊ သူကွယ်လွန်သောအခါ သတင်းဖြစ်မှုမှာ သူ့အနုပညာ အထုအထည်နှင့် မလိုက်ဖက်စွာပင် သေးနုပ်နေတော့သည်။

တစ်သက်တာစာပေဆုအတွက် ကြည်အေးတို့၊ ပတ္တမြားခင်တို့ကို အဆိုပြုခြင်းများရှိခဲ့ဖူးသည်ဟု ကြားဖူးပါသည်။ (ဒေါ်)ပတ္တမြားခင်မှာ ကင်မရာကိုင်ခဲ့ရ ကျွန်မဘဝနှင့် သန္တာစမ်းမှအလွမ်းစာဆိုသော ဘဝမှတ်တမ်းနှစ်အုပ်သာရေးဖူးသူဟု ကျွန်တော်မှတ်ထားပါသည်။ ဝတ္ထုတိုများ၊ ကဗျာများရေးခဲ့ဖူးခြင်းရှိ၊ မရှိကျွန်တော်မသိပါ။ သို့သော် ထိုဘဝမှတ်တမ်းနှစ်အုပ်သည် စိန်စိန်၏ ခရီးဝက်ပါနှင့်ဒဂုန်ခင်ခင်လေး၏ နှစ်ပေါင်း ၆၀ တို့နှင့်တန်းတူထားနိုင်သော အားထုတ်မှုဟု ကျွန်တော်ယူဆသည်။ (ဒေါ်)ကြည်အေးကိုတော့ အထူးမိတ်ဆက်နေဖို့ မလိုဟုထင်သည်။ ကဗျာပေါင်းချုပ်၊ အပြင်ကလူ၊ မြနန္ဒာ သုံးအုပ်တည်းဖြင့်ပင် သူ့ကိုရှေ့ဆုံးတန်းတွင် သီးသန့်နေရာပေးထိုက်နေသူဖြစ်၏။ ထိုသုံးအုပ်ထက် ထူးခြားသောစာအုပ်မှာ (မီတို့ ကေဖွဲ့ဆိုသီတို့ နွမ်းလျအိမ်ပြန်တို့ထက် ကြည်အေးကို ကိုယ်စားပြုနိုင်သော စာအုပ်မှာ)"ဖုန်းသက်တိုင်"ဟု ကျွန်တော်ယူဆပါသည်။ ကြည်အေး၏ မူပိုင်ဟန်ဖြစ်သော လူတစ်ဦးချင်း၏ သီးသန့်အဖွဲ့တ္တကို နှိုက်ထုတ်နိုင်မှုထက် ပို၍ထူးခြားသောအချက်နှစ်ချက်ရှိသည်။ လူသား၏ ဖြစ်တည်ခွင့် (existentialistic/being-for-itself/ being-in-itself) ကိုဖော်ကျူးခြင်းနှင့် မြန်မာစာပေတွင် ပထမဆုံးအကြိမ်ဟု ပြောနိုင်လောက်သော အကျဇာတ်လိုက် anti-hero သဘောကို မြင်ရခြင်းတို့ဖြစ်သည်။

ထိုဆရာမကြီးတို့ကို တစ်သက်တာစာပေဆုငြင်းပယ်ရာတွင် တစ်သံတည်းထွက်သောအုပ်စု၏ အကြောင်းပြချက်မှာ နိုင်ငံခြားသားဖြစ်နေလို့ဟူ၏။ သူတို့ရေးသားခဲ့သည်မှာ မြန်မာလိုဖြစ်ကြောင်းနှင့် ထိုမြန်မာစာမှာ အဆင့်မြင့်ကြောင်း၊ အထူးသဖြင့် ဒေါ်ကြည်အေး၏ အနုပညာမှာ ထိပ်တန်းအဆင့်တွင် ရှိကြောင်းကိုတော့ မေ့နေပုံရသည်။ သချ်ာပြိုင်တွက်ကြသည်ဆိုပါစို့။ နိုင်ငံသားဆိုသူတို့က ၃၅ မှတ်အနိုင်နိုင်အခြေအနေမှာ ကြည်အေးကအမှတ် ၁၀၀ ပြည့်ရလျှင် သချ်ာရည်ချွန်ဘွဲ့ကို ဘယ်သူ့ပေးမလဲ၊ နိုင်ငံသားမဟုတ်၍ ကြည်အေးကို မပေးဘူးပဲထား၊ ၃၅ မှတ်မျှသာရသူတွေကိုတော့ သချ်ာရည်ချွန်ဘွဲ့မပေးထိုက်တာ အလွန်ကျိန်းသေပါသည်။ တချို့ဆိုအမှတ် ၂၀ ပင် ပြည့်မည်မထင်။ ရသစာပေထဲမှာ ဘဲဥမကွဲသူတွေပင်ရှိသေး၏။

တစ်ပြည်သူတစ်ပြည်သားဖြစ်သွားကြပေမယ့် သိပ္ပံပညာ၊ ဝိဇ္ဇာပညာ၊ အနုပညာတို့တွင် ကမ္ဘာကျော်သွားလျှင် ဒါငါတို့လူမျိုးပဲဟုဂုဏ်ယူတတ်ကြခြင်းကို တိုင်းပြည်တိုင်းမှာ တွေ့နိုင်သည်။ လူမျိုးတိုင်းမှာ တွေ့နိုင်သည်။ အမြင်ကျဉ်းမြောင်းသော အုပ်စိုးသူများနှင့် သူတို့ကို အရိပ်အကဲကြည့် ရှင်သန်နေသူများကသာ အာဃာတထားနေကြခြင်းဖြစ်သည်။ လူမျိုးခြားတိုင်းတစ်ပါးသား (ဥပမာ-ဂျွန်အိုကယ်၊ ခင်ခင်ချော၊ မပန်းခက်)တို့ကိုပင် မြန်မာစာပေအပေါ် စေတနာထားမှုအတွက် ဂုဏ်ထူးဆောင်ဆုအသစ်၊ ဘွဲ့အသစ်များ တီထွင်သင့်တီထွင်ရမည်သာ။ လူကိုကြည့်တတ်သောအကျင့်ကြောင့် ဆုဆိုတာ အဝတ်အစားနဲ့ဆိုင်တယ်ဟူသော သရော်ချက်များပင် ထွက်ပေါ်လာခဲ့ပါပြီ။ လူကအဓိကမဟုတ်ပါ။ သူဘာရေးသလဲ၊ သူ့အနုပညာက ဘယ်လောက် ကြီးမြတ်သလဲ၊ ဝေလေလေ အတန်းအစားထဲကလွတ်ထွက်ပြီး ဘယ်လောက်အမြင့်ပျံနိုင်စွမ်းရှိသလဲ ဆိုသည်ကိုပဲ ကြည့်သင့်သည်။

### ၃။ ကြည်အေး၏ ကဗျာသုံးပုဒ်

ကဗျာမှာ ဒဂုန်တာရာ၊ ဝတ္ထုတိုမှာကြည်အေးဟု ဆိုလေ့ဆိုထရှိခဲ့သော်လည်း ဒဂုန်တာရာတွင် ဝတ္ထုတိုကို ပိုကြိုက်ပြီး ကြည်အေးတွင် (ဝတ္ထုရှည်နှင့်)ကဗျာကို ပိုကြိုက်သော အစုထဲမှာ ကျွန်တော်လည်း ပါမည်ထင်သည်။ ကာရန်ကိုင့်သော လေးလုံးစပ်ဟန်ကို စွဲစွဲမြဲမြဲသုံးသည့်တိုင် ကြည်အေး၏ ကဗျာများသည် မြန်မာကဗျာသစ် (မော်ဒန်) ဖြစ်ကြောင်းကို ၁၉၅၀ ဝန်းကျင်မှပင် စတင်လက်ခံကြရသည်။ ကဗျာဆရာသည် ကဗျာစကားလုံးများအတွက် ဦးနှောက်ကို မသုံး၊ နှလုံးသားကိုသာသုံးသည်။ သူ့စကားလုံးများမှာ ဦးနှောက်မှ ညှစ်ထုတ်၍ ထွက်လာသော စကားလုံးများမဟုတ်၊ ရင်တွင်းမှ ယိုစီးကျလာသော စကားလုံးများသာဖြစ်သည်။ တမင်လုပ်ယူခြင်း(ဝါ) ဖျစ်ညှစ်ဖန်တီးခြင်းကို စတန့်ဟုပဲ ခေါ်ပါသည်။ အနုပညာဟု မခေါ်ပါ။ တောင်ကျစမ်းမှ အေးမြကြည်လင်သောရေ ထွက်ကျယိုဆင်းလာသလို ပါရမီအရ ဖန်ဆင်းမိသော စကားလုံးများ၊ အသံများဖြင့် ဝေစည်နေမှ ကဗျာဖြစ်သည်။ ခေတ်ပြိုင်ကဗျာဆရာထဲမှ အလွယ်ဆွဲထုတ်ပြရလျှင် မောင်ချောနွယ်၏ ကဗျာများဟု ပြောရပေမည်။ အများကြီးရှိနေနိုင်သော်လည်း မြင်သာသောဥပမာအဖြစ် ဆွဲပြခြင်းဖြစ်၏။

ကြည်အေး၏ သံသရာချစ်သူ (မူရင်းတွင်သံသရာချစ်သူတေး) ကဗျာကို ပြချင်ပါသည်။

**ငါသေဆုံးလျှင်**
**တောင်ကုန်းနံဘေး၊ ရိပ်မြအေးသော**
**မွှေးသင်းလဲ့ရီ၊ သရဖီပွင့်**
**မှိုအိမ်ကိုင်းခက်၊ ငှက်တေးဆိုဆဲ**
**မြေးညိုတိမ်လွှာ၊ နေပျော့သာဆဲ**
**ဘာသာနွမ်းရီ၊ သူမသိဘဲ**
**ညှံ့အိမြက်ကြား ခိုမည်လား။**
**သို့မဟုတ်မူ၍**
**ချစ်သူရင်ခွင် ပူပင်သမ်းညှိုး**
**မိုးပေါက်မျက်ရည်၊ သွန်းစွေညိုးညံ**
**လေပြင်းထန်ဆဲ၊ ပြည့်လျှံမှလျော**
**ရေကျမျောနှင့်၊ သရောဒိုက်နွယ်**
**ပင်လယ်ချဉ်းသို့**
**စီးဆင်းပျောက်ပျက် ကျေမည်လား။**
**ညမိုးညို့၍**
**ကြယ်တို့အလယ် တင့်တယ်ထည်ဝါ**
**ရှည်သွယ်အမြီး၊ ပြိုးပြက်ညီးလင်း**
**မီးပြင်းလျှံသွန်၊ ကြယ်တံခွန်သို့**
**လွန်မြောက်ဘဝ၊ တရားလှနှင့်**
**တောက်ပထွက်ခွာ သွားမည်လား။**
**တောင်ကုန်းမှီသော**
**သရဖီမြ၊ ဖြစ်ပါရစေ**
**နွမ်းလျဘာသာ၊ ငှက်တေးသာဆဲ**
**မြေမှာလွင့်ပါး၊ ချစ်သနားသူ**
**စကားကြည်ဖြူ ငုံ့ကောက်ယူပြီး**
**ညည်းညူနှလုံး၊ ခေါင်းအုံးဇာနား**
**ဝှက်ထားမွှေးညက်၊ မောင်နမ်းရက်က**
**ကြွေသက်စောမည်၊ မပူပြီ။ ။**

၁၉၅၀ ဝန်းကျင်တွင် ဖော်ပြခဲ့ပြီး ၁၉၇၂ တွင် ပြန်လည်ဖော်ပြခြင်းခံရသော ကဗျာဖြစ်၍ ကြည်အေး၏ ငယ်စဉ်က ကဗျာဟု ဆိုနိုင်ပါသည်။ တစ္ဆေကဗျာ၊ ဖုန်းသက်တိုင်ဝတ္ထု၊ နွမ်းလျအိမ်ပြန်ဝတ္ထုတို့နှင့် တွဲဖက်လျှင် ကြည်အေးကို "မြင်"နိုင်သည်။ စကားလုံးများ အလိုအလျောက် ယိုစီးထွက်ကျလာခြင်းနှင့် အသံနိုင်နင်းမှုကို တွေ့နိုင်သည်။ ဂေဟာသိတပေမတဏှာဟုခေါ်သော နှောင်ဖွဲ့စွဲလမ်းမှုကို ရဲရဲတင်းတင်း နက်နက်ရှိုင်းရှိုင်း ကိုယ်စားပြုထားသည်ဟု ယူဆပါသည်။

"သစ္စာသစ်" တွင်လည်း ဤသဘောကို ထပ်တွေ့ရသည်။ ၁၉၇၁ ခုနှစ် မတ်လ ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ကဗျာ၏ဒုတိယပိုဒ် (အဆုံးပိုဒ်) ကို တင်ပြပါမည်။

**ရှေးကဆိုရိုး**
**ပိုးဖလံမျိုး၊ မီးကိုတိုးသတဲ့**
**မောက်ဖြိုးရွှေတောင်၊ မြိုက်လောင်ပူနွေး**
**မီးငွေ့ပေးမှ၊ အသက်ရရှိ**
**ကျွန်မချစ်မြဲ၊ သံသာဝဲမှ**
**ခွဲထွက်ချင်ဘူး၊ တပ်မက်ဦးမည်**
**စိန်ခြူးကြယ်တန်း၊**
**လခြမ်း လဝိုင်း၊ ညတိုင်းမြင်ချင်**
**ရွှေစင်နေဝန်း၊ ဆည်းဆာကွန်းမှ**
**ပေါ်ယွန်းစေ့စေ့၊ နေ့တိုင်းတွေ့ချင်**
**ထွေးပွေ့လင်သား၊ သမီးသားမြေး**
**စကားနှစ်သက်၊ မိတ်ဆွေဖက်ဟု**
**မက်မောဘဝ၊ တစ်ခဏလည်း**
**အလှုရှာဖွေ၊ အဖြေတွေးသော်**
**မွေ့လျော်ငြိတွယ်၊ သေမျိုးနွယ်လည်း**
**ရယ်ရွှင်ခံစား၊ ငါလူသားဟု**
**တရားထွန်းသစ်၊ သတ္တိဖြစ်၏။ ။**

ဂေဟာသိတပေမတဏှာကိုပင် သစ္စာသစ်ဟု ဝံ့ဝံ့စားစားပြောပုံမှာ ဘာသာရေးအမြင်အရ အပြစ်ရှိသလို ထင်ရသည်။ သို့သော် လူ၏လူ့အဖြစ် တည်ရှိမှုတွင် ဤသစ္စာသစ်ကို လက်ခံနေရသူက အားလုံးလောက်နီးနီးပင်။ စိန်ခြူး ကြယ်တန်း၊ လခြမ်း လဝိုင်း၊ ညတိုင်းမြင်ချင် ရွှေစင်နေဝန်း၊ ဆည်းဆာကွန်းမှ ပေါ်ယွန်းစေ့စေ့၊ နေ့တိုင်းတွေ့ချင်ဆိုသော စာသားများတွင် တွဲဖက်အနက် connotation ကိုသာမက ဂယက်အနက် (ဝါ) ဓမ္မာရုံအနက် Sennotation ကိုပါ ပေးသည်။

ညတိုင်းတွေ့ချင်၊ မနက်တိုင်းတွေ့ချင်နေသော ဆန္ဒတို့ကို ရဲရဲရေးပြသည်မှာ ကြည်အေး၏ မူပိုင်ဟန်ဖြစ်သည်။ လူသားတို့၏ အဖွဲ့တ္တကို မငဲ့မကွက်တူးဖော်ခြင်းဖြစ်သည်။ ဤကဗျာကို ကြည်အေး၏ ၁၉၇၀ ဝန်းကျင်ရုပ်ပုံလွှာဟု ပြောရပေလိမ့်မည်။

စာရေးသူတစ်ဦး၏ ဖွံ့ဖြိုးရာလမ်းကြောင်းကို ဤသို့ကြည့်သောအခါ နိုင်ငံခြားသို့ ရောက်ပြီးစတွင် ရေးသော ပထမအမြင်အမည်ရှိ ကဗျာအပါအဝင် နောက်ပိုင်းကဗျာများကိုလည်း လေ့လာသင့်ပါသည်။ ဥခွံထဲမှ ခွဲထွက်ပြီး ဘဝထဲသို့ ဝင်လာပုံကို မြင်ကြရမည်။

တတိယကဗျာမှာ မမိုးသူအမည်ဖြင့် ၁၉၅၀ မတိုင်မီရေးခဲ့သော "ခွင့်လွှတ်ပါ့ဖုန်း" ကဗျာဖြစ်သည်။ အစွန့်ခံတစ်ဦး၏ ပန်ကြားလွှာအဖြစ် ဘာမှအရေးမပါလှသော ကဗျာဟုထင်စရာရှိသည်။ ထူးခြားချက် နှစ်ချက်ရှိ၏။ တစ္ဆေ၊ သံသရာချစ်သူတေး၊ နွမ်းလျအိမ်ပြန်၊ ဖုန်းသက်တိုင်တို့အတွက် အရေးပါသော အဆင့်အဖြစ် တည်ရှိခြင်းနှင့် ကဗျာစကားလုံးများ ယိုစီးထွက်ကျမှုတို့ဖြစ်ပါသည်။ အသံထွက်ဖတ်လျှင် (ကဗျာတို့၊ ပြဇာတ်တို့ကို အသံထွက်ဖတ်ရပါသည်) ယိုစီးထွက်ကျမှုဆိုသည်ကို နားလည်လာနိုင်ပါသည်။

**တရားနဲ့တွေးပြန်တော့**
**အားနွဲ့ကလေးမှာဖြင့်**
**ရင်အေးသယောင်နဲ့**
**မေ့မောင်ကို တွေ့အောင်ဖမ်းကာပ**
**ချစ်သူကို ပြစ်မယူတမ်းရယ်လို့**
**ညင်အနမ်းတွေနဲ့**
**မပင်ပန်းအောင်ပေ့ါ**
**ကြင်စမ်းချင်လှတယ်။**
**အချစ်နဲ့တွေးပြန်တော့**
**အပြစ်မဲ့ကလေးမှာဖြင့်**
**အဆွေးဝေရှာလို့**
**အရိပ်ပမာ စိတ်မှာဇောတွေကြောင့်**
**ရုပ်ပုံကို နှုတ်မလုံအောင်စောမိတယ်လို့**
**ချီသဘောကိုမှ**
**ကိုယ်မမောအောင်လို့**
**ကြိုပြောပါ့မယ်။**
**သူမမေ့ရင်ဖြင့်**
**ယူပွေ့ချင်ရဲ့**
**အတူတွေ့မယ် နောင်အခါ၌**
**မောင်မလာ လိပ်ပြာတောင်မစေအားတာက**
**စိတ်နာနေသလားရယ်နဲ့**
**သနစ်စုံ ဖြစ်ပုံကိုကြားပါရ**
**ထေ့စရာတွေကို မေ့ကာထားမှာပေ့ါ**
**အသနားနဲ့ ပြေလွယ်**
**ကြွေစံပယ်က မောင့်ကိုမမုန်း**
**စကားငဲ့ရေလည်**
**ဖြေမယ်လို့စောင့်တုန်း။**
**မြွေးပင့်ကူမျှင်**
**ပြေးသင့်ပြီသူထင်လို့**
**မခင်မကြင်တတ်သူက**
**အမျှင်တမင်ဖြတ်ရင်ဖြင့်**
**ဖွတ်လည်း မတွယ်သာဘု**
**ကွယ်ရာမှာ မျက်ရည်ဝဲပါလို့**
**အရှက်ပြေသက်ဝေနဲ့ခွဲပရစေတော့**
**အသည်းနာကွဲအာလို့ ချစ်ကာမှ**
**အပြစ်ထပ်ပုံကာပင် မဆင့်ချင်နဲ့**
**အချစ်ဇာတ်ခုံမှာ ဆင်မသင့်သူဖို့**
**ခွင့်လွှတ်ပါ့ဖုန်း။ ။**

နက်နဲသောလူ့စိတ်အတွင်းပိုင်းဆီသို့ မကူးရသေးသော ကဗျာဆရာ၏ ရေးဖွဲ့မှုပါရမီကို တွေ့နိုင်လိမ့်မည်ထင်ပါသည်။ ကဗျာဆရာအစစ်၌ စကားလုံးများ ဘယ်လိုယိုစီးထွက်ကျလာတတ်သည်ကို လေ့လာလိုလျှင် ဤကဗျာကိုလည်း ချန်မထားသင့်ဟု ယူဆပါကြောင်း။ ။

## ပြည်တွင်းရေးရာ

# ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E.Mr. Hassan Bin Mohamed Rafei Al Emadi အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ အဆောင်အမှတ် (I-11) ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

**❖ တစ်လတာမှ**

"ကျွန်တော်တို့ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သစ်တစ်ရပ်ကို စတင်နိုင်ခဲ့ပါတယ်။ ဒီစနစ်ကို အသားကျပြီး ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့စနစ်တစ်ရပ် ဖြစ်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရမှာပါ။ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ရည်မှန်းချက်အထိတော့ မရောက်သေးပါဘူး။ ရည်မှန်းချက်က ကားတိုင်းကားတိုင်းဟာ တစ်ဦးချင်းစီပိုင် မဟုတ်ဘဲနဲ့ ကုမ္ပဏီပိုင်ဖြစ်ဖို့ဖြစ်ပါတယ်။ တစ်ဦးချင်းစီပိုင် တစ်ယောက်ချင်းစီပိုင် ကားတွေကို စနစ်ထဲမှာ စီးမျှောလိုက်ပါလာအောင် ဆွဲဆောင်ခေါ်ယူခဲ့ပါတယ်။ ဒီစနစ်အပြောင်းအလဲမှာ ဘယ်လိုမှ ထိခိုက်ပွန်းရှမှုမရှိဘဲစနစ်အပြောင်းအလဲမှာပြောင်းလဲလာဖို့ လိုက်ပါလာဖို့အတွက်ဖြစ်ပါတယ်။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကိုလည်း တဖြည်းဖြည်း ပြောင်းလဲလာအောင် သယ်ဆောင်လာခဲ့ပါတယ်။ ဒါပေမယ့် တစ်ဦးချင်းတစ်ယောက်ချင်းတစ်စီးချင်း ပိုင်နေတဲ့အတွက် အရှုံးပေါ်နိုင်တယ်ဆိုရင် မလုပ်ချင်ကြပါဘူး။ ဒါကြောင့်ဒီနေရာမှာ ယာဉ်လိုင်း ၁၀ လိုင်းလောက်ကို ကုမ္ပဏီတစ်ခုက လုပ်နေတယ်ဆိုရင် ဥပမာပေါ့ ၈ လိုင်းမှာ အကျိုးအမြတ်ရှိပြီး ၂ လိုင်းက ရှုံးတယ်ဆိုရင် ခံနိုင်ပါတယ်။ အခုက တစ်ဦးချင်းဖြစ်နေတဲ့အတွက် အရှုံးဒဏ်ကို မခံနိုင်ဘဲ ပိုက်ဆံရတဲ့လမ်းကြောင်းကိုပဲ ပြေးခွင့်ပြုဖို့ တွန်းအားပေးကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်နေတာတွေ ရှိပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

YBS ယာဉ်လိုင်းများ စတင်ပြောင်းလဲပြေးဆွဲစဉ်တွင် ယာဉ်လိုင်း ၆၀ ခန့်ဟု သတ်မှတ်ခဲ့သော်လည်း လိုအပ်ချက်အရ အပြောင်းအလဲလုပ်သွားမည်ဟု တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။ လက်ရှိတွင် ယာဉ်လိုင်း ၈၀ ခန့်အထိပင် ရှိလာခဲ့ပြီဖြစ်သည်။ ယခင်က လိုင်းပေါင်း ၃၃၀ ခန့်ရှိခဲ့ရာ ယခု YBS တွင် ယာဉ်လိုင်း ၁၀၀ ခန့်အထိ လိုအပ်သလို လမ်းကြောင်းဆွဲသွားမည်ဟု သိရသည်။

"လမ်းကြောင်းတွေကတော့ မငြိမ်သေးဘူး။ တချို့ဟာတွေ ပြောင်းတယ်။ တချို့ထပ်ချဲ့တယ်။ တကယ်ဆိုသေချာအကြောင်းကြားသင့်တယ်။ လမ်းကြောင်းပြောင်းတာ၊ တိုးချဲ့တာတွေကိုပေါ့။ နောက်ပြီး အပ်မယ်ဆိုတဲ့ ဘတ်စ်ကားတွေ အခုက လိုအပ်ချက်ရှိလို့ အစိုးရက ဆက်ပြေးဆွဲခွင့်ပေးထားတာ။ ဒါပေမယ့် အဲဒီယာဉ်တွေမှာ စည်းကမ်းဖောက်တာတွေ ရှိနေတယ်။ အစိုးရအနေနဲ့ ထိထိရောက်ရောက် အရေးယူပေးသင့်တယ်"ဟု YBS ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိအနေအထားအရ YBS ယာဉ်လိုင်းများတွင် ခရီးသည်တင်ယာဉ်များ လိုအပ်ချက်ရှိနေရာ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမည့် ခရီးသည်တင်ယာဉ်များအား ခေတ္တ ဆက်လက်ပြေးဆွဲခွင့်ပြုထားခြင်းဖြစ်ပြီး အချို့ယာဉ်များမှာ ယာဉ်စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း သိရသည်။ အပ်နှံယာဉ်များကို အတိုင်းအတာတစ်ခုအထိသာ ပြေးဆွဲခွင့်ပြုထားခြင်းဖြစ်ပြီး ယာဉ်အသစ်များ ရောက်ရှိလာပါက အဆိုပါယာဉ်များကို ပြေးဆွဲခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ အဆိုပါ စည်းကမ်းဖောက်နေသည့် ယာဉ်များကို စီအင်န်ဂျီပိတ်သိမ်းခြင်း၊ ယာဉ်လိုင်းပြေးဆွဲခွင့်ရပ်ဆိုင်းခြင်းတို့အပြင် တိုင်ကြားမှုများသော ဘတ်စ်ကားလိုင်းများကို မှတ်တမ်းပြုစုထားကာ လိုင်းပိတ်သိမ်းခြင်း၊ ပြည်သူ့ဝန်ဆောင်မှုကို အမှတ်ပေးစနစ်ဖြင့် အမှတ်ပေးကာ ဝန်ဆောင်မှုတိုးမြှင့်ခိုင်းခြင်း၊ အရေးယူသည့်ပုံစံဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"စနစ်ပြောင်းပြီးရင် အဆင့်မြှင့်တင်ဖို့ ရှိတဲ့နေရာမှာ အများပိုင် ကုမ္ပဏီတွေ ဖြစ်အောင်ရယ်၊ ကားသစ်တွေ ဖြစ်အောင်ရယ် လုပ်နေပါတယ်။ ကုမ္ပဏီအနေနဲ့ ဖွဲ့စည်းပြီး နိုင်ငံတော်က ရှယ်ယာထည့်ဝင်ပေးပြီး ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီအနေနဲ့ လုပ်ဖို့ပြင်နေပါတယ်။ ယာဉ်မောင်းတွေ၊ ယာဉ်ပိုင်ရှင်တွေ ယာဉ်နောက်လိုက်တွေအနေနဲ့ အခု ပြောင်းလဲမယ့်စနစ်မှာ ပြည်သူ့မျက်နှာကိုကြည့်ပြီး လိုက်ပါလာဖို့လိုပါတယ်။ ပြည်သူတွေရဲ့ တိုင်ကြားမှုတွေကို ကျေးဇူးတင်ပါတယ်။ များများတိုင်ကြားဖို့လိုပြီး တိုင်ကြားရင် ဒီလောကမှာ ဆက်လက်ရှင်သန်ဖို့ ခက်ခဲသွားပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဒီစနစ်မှာ ဒုတိယလှိုင်းအနေနဲ့ ကားတွေအားလုံး အဆင့်မြှင့်တင်မှာဖြစ်ပါတယ်။ အခုဆိုရင် YBS မှာ ကားအစီးရေ ၃၅၀၀ လောက် ပြေးဆွဲနေပါတယ်။ ကားသစ်တွေဝယ်ပြီး ကျွန်တော်တို့မှန်းထားတာ အစီး ၄၅၀၀ လောက်နဲ့ မျှော်မှန်းထားပါတယ်။ ကားသစ်တွေနဲ့ ပြေးဆွဲတာဟာ ဒီစနစ်မှာ ပိုအဆင်ပြေနိုင်ပါတယ်။ G to G စနစ်နဲ့ ဝယ်နိုင်ဖို့ ညှိနှိုင်းနေပါတယ်"ဟု ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ငွေကျပ်ဘီလီယံ ၇၀ အသုံးပြုကာ ယာဉ်အသစ်များဝယ်ယူခြင်း၊ ယာဉ်ရပ်မှတ်တိုင်နှင့် ယာဉ်လိုင်းဂိတ်ရင်းများအဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးသည်တင်ယာဉ်များ ဝယ်ယူခြင်းကို ကျပ် ၆၀ ဘီလီယံ အသုံးပြုကာ ယခုဘဏ္ဍာနှစ်မကုန်မီတွင် အစိုးရချင်း တိုက်ရိုက်ချိတ်ဆက်သည့်စနစ်ဖြင့်သော်လည်းကောင်း၊ တင်ဒါခေါ်ယူသည့် စနစ်ဖြင့်သော်လည်းကောင်း ဝယ်ယူသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

လက်ရှိ တစ်လသက်တမ်းကာလအတွင်း YBS ယာဉ်လိုင်းများတွင် ကြုံတွေ့နေရသော အခက်အခဲအကျပ်အတည်းများသည် ယာဉ်အစီးရေ မလုံလောက်သည့်အတွက် အောက်ဆိုက်ကား၊ ကြားကား ပြေးဆွဲမှုများရှိလာပြီး ခရီးသွားပြည်သူများအနေဖြင့် ယာဉ်စီးခပိုမိုပေးဆောင်ရသော်လည်း အဆိုပါကြားကားများကို အားထားစီးနင်းနေရသည်ဟု သိရသည်။ ယင်းအပြင် မြို့တွင်းပတ်ယာဉ်လိုင်းများမှလွဲ၍ ကျန်ယာဉ်လိုင်းများ ယာဉ်စီးခပုံသေ ၂၀၀ ကျပ် ကောက်ခံနေခြင်းကြောင့်လည်း ခရီး ၂ ဆင့် ၃ ဆင့် ပြောင်းစီးရသူများအတွက် ယာဉ်စီးခပိုမိုကုန်ကျနေခြင်းကို ကြုံတွေ့နေရဆဲဖြစ်သည့်အပြင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ စည်းကမ်းမဲ့မှုများကို ကြုံတွေ့နေရသည်ဟု သိရသည်။ အလားတူ YBS စတင်ပြေးဆွဲချိန်ကကဲ့သို့ မှတ်တိုင်များတွင် ရပ်၊ တင်၊ ချ စနစ်ကို မကျင့်သုံးတော့ဘဲ ယခင်ကဲ့သို့ပင် အချိန်ကြာမြင့်စွာ ရပ်တန့်မှုများ ရှိလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများလည်း ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါပြဿနာရပ်များကို အဓိကဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေရာတွင် အစိုးရအနေဖြင့် ယာဉ်အစီးရေ လုံလောက်စွာဖြည့်တင်းပေးရန် လိုအပ်သကဲ့သို့ ယာဉ်လိုင်းများကိုလည်း အများပိုင် ကုမ္ပဏီများအဖြစ် အမြန်ဆုံးဖွဲ့စည်းထူထောင်နိုင်ရေး တွန်းအားပေးရန်ပင်ဖြစ်သည်။ အလားတူ ယာဉ်စီးခ ကောက်ခံမှုကိုလည်း ခရီးစဉ်အကွာအဝေးလိုက် ကောက်ခံနိုင်မည့်နိုင်ငံတကာစံနှုန်းမီ ကတ်စနစ်သုံး ငွေပေးချေမှုစနစ်ကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးပင် ဖြစ်သည်ဟု ဝေဖန်သုံးသပ်မှုများရှိနေသည်။

"လက်ရှိက အပြောင်းအလဲကာလဖြစ်နေတဲ့အတွက် အခက်အခဲတွေ ကြုံတွေ့နေရတာပါ။ ဘတ်စ်ကားလိုင်းစနစ်ကို စတင်ပြောင်းလဲတဲ့အခါ တချို့နိုင်ငံတွေရဲ့ အတွေ့အကြုံအရ နှစ်ချီကြာခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ဖို့ တွန်းအားပေးဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က တစ်လသက်တမ်းပြည့်လာသည့် YBS စနစ် ပြောင်းလဲဆောင်ရွက်နေခြင်းအပေါ် ပြောကြားခဲ့သည်။

ယင်းအပြင် အစိုးရအဖွဲ့အနေဖြင့် YBS စနစ်ပြောင်းလဲမှုတွင် သုံးလအတွင်း လက်ရှိစနစ်၏ အဆင့်မြှင့်တင်မှုများကို ပြုလုပ်သွားမည်ဖြစ်ပြီး ခရီးသည်တင် ယာဉ်များ အားလုံးတွင် GPS စနစ် ချိတ်ဆက်ကာ ပြည်သူ့ဥယျာဉ်အတွင်းရှိ Bus Operator နှင့် ချိတ်ဆက် ထိန်းချုပ်ဆောင်ရွက်ခြင်း၊ ဘတ်စ်ကားသစ်များ ဝယ်ယူဖြည့်တင်းခြင်း၊ လက်ရှိ ကားလိုင်းများအား အများပိုင်ကုမ္ပဏီများအဖြစ် အမြန်ဆုံးဆောင်ရွက်နိုင်ရန် တွန်းအားပေးခြင်းများကို ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ်က ယနေ့ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သုံးလတာ ကာလအကျော် ဧပြီတွင် နောက်တစ်ဆင့် အဆင့်မြှင့်တင်မှုအဖြစ် Yangon Payment Services စနစ်ဖြင့် ကတ်စနစ်သုံး ငွေပေးချေမှုကို ပြုလုပ်နိုင်ရန်ဆောင်ရွက်သွားမည်ဟု သိရသည်။ ဆက်လက်၍ သုံးလတစ်ကြိမ် အဆင့်မြှင့်တင်မှုများကို အဆင့်လိုက် ပြုလုပ်သွားမည်ဖြစ်ပြီး လာမည့် ၂၀၁၈ ဇန်နဝါရီ တစ်နှစ်တာကာလပြည့်မြောက်ချိန်တွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တွင် ခေတ်မီသော စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းသွားမည်ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

လက်ရှိ တစ်လကျော်ကာလအတွင်း အခက်အခဲများကြုံတွေ့နေရမှုများအပေါ် အများပြည်သူတို့မှ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပါဝင်ပေးခဲ့ကြပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့်လည်း ပြည်သူဗဟိုပြုကာ ကောင်းမွန်သောဝန်ဆောင်မှုပေးအပ်ရန် လိုအပ်ကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများက ဆိုသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်လည်း ပူးပေါင်းဆောင်ရွက်ခွင့် လမ်းဖွင့်ပေးထားပြီး ရှေ့လုပ်ငန်းစဉ်များ၊ အဆင့်မြှင့်တင်မှုများတွင် ပြည်သူဗဟိုပြု ဝန်ဆောင်မှုပေးခြင်းမရှိပါက ဆက်လက်ပူးပေါင်းဆောင်ရွက်ခွင့် ပြုမည်မဟုတ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ရေး ဖေဖော်ဝါရီ ၁၇**

ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သယ်န်းကျွန်းကျေးရွာအုပ်စု ဇွန်းတလင်း-ပိုင်ဝမ်းကျေးရွာသို့ ရေးမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံကာ ငွေစာရင်းစာအုပ်များ ရေးသွင်းထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး ချေးငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာသူ ကျေးရွာသားများ၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

**(ကြေးမုံ)**

# ဒက္ခိဏခရိုင်တရားရုံး အဆောက်အအုံသစ်ဖွင့်လှစ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ခရိုင်တရားရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ခရိုင်တရားရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒက္ခိဏခရိုင် တရားသူကြီး ဦးမြဒွေးကျော်နှင့် Diamond City ကုမ္ပဏီလီမိတက်မှ အင်ဂျင်နီယာချုပ် ဦးတင်အောင်တို့က အဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ခရိုင်တရားသူကြီးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ခရိုင်တရားရုံး အဆောက်အအုံသစ်ကို တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်နှင့်ညီညွတ်သည့် တရားရုံးအဆောက်အအုံများ တည်ဆောက်ရေးဟူသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်ပါ မူများနှင့်အညီ ဆောက်လုပ်ရေး ဝန်ကြီးဌာနက အဆောက်အအုံ ဒီဇိုင်းရေးဆွဲပေးသည့် ခေတ်မီနှစ်ထပ် အာရ်စီ အဆောက်အအုံပုံစံအတိုင်း တရားခွင် ခြောက်ခု၊ အစည်းအဝေးခန်း၊ အမှုတွဲခန်း၊ ဥပဒေအရာရှိများ နားနေခန်း၊ ရှေ့နေများနားနေခန်း၊ သက်သေများနားနေခန်း၊ သတင်းမီဒီယာခန်း၊ သတင်းအချက်အလက် ကောင်တာ၊ အမှုတွဲလက်ခံကောင်တာ၊ ယာယီအချုပ်ခန်း စသည်ဖြင့် စံချိန်စံညွှန်းမီစွာ တည်ဆောက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုအစီအစဉ် ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ



အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုအစီအစဉ် ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှု အစီအစဉ် ရိုက်ကူးထုတ်လွှင့် ဖော်ပြနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမကြီး၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ စတင်ရိုက်ကူးပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာတို့တွင် မတ်လအတွင်း စတင်ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရသစ် တာဝန်ယူဆောင်ရွက်မှုကာလ တစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အစိုးရသစ်၏ ပြည်သူကို ရှေးရှုဆောင်ရွက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ၊ အသစ်တိုးချဲ့ ဆောင်ရွက်မှုများကို ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအနေဖြင့် ပြည်သူကို အစီရင်ခံတင်ပြရမည်ဖြစ်ကြောင်း၊ မဏ္ဍိုင်အသီးသီးနှင့် ဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် အနာဂတ်တွင်ပြည်သူ့အကျိုးအတွက် ဆောင်ရွက်မည့် အစီအမံများကို ပြည်သူသို့တင်ပြဆောင်ရွက်ခြင်းများ ပြုလုပ်ရန်အတွက် ယခုကဲ့သို့ အစိုးရသစ်၏ တစ်နှစ်တာကာလ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှု အစီအစဉ် ရိုက်ကူးထုတ်လွှင့်ရေးကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရိုက်ကူးထုတ်လွှင့်သွားမည့် အစီအစဉ်များနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက သတင်းစာများတွင် ဖော်ပြမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များက ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

■

# တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂/၂၀၁၇**
၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)
**တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အမှတ်(၁၂)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးကြီးကျော်ဇေယျကို တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးကိုကိုနိုင်အား ခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

# ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း) ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း)ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၂)နှင့်(၁၃) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၂)နှင့် (၁၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ ညနေပိုင်းတွင် မန္တလေးမြို့မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုသည်။**(ယာပုံ)**

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ၊ အန္တိမဈာပန သာဓုကီဠနပူဇော်ပွဲ ကျင်းပရေးဆိုင်ရာများ မေးမြန်းလျှောက်ထား၍ ပူဇော်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က လက်ခံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အန္တိမဈာပန သာဓုကီဠန ပူဇော်ပွဲ အခမ်းအနား ကျင်းပမည့် အောင်မြေသာဇံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ရွှေမန်းတောင် အားကစားကွင်းသို့ သွားရောက်၍ လောင်တိုက်တော် ပြင်ဆင်နေမှုနှင့် သံဃာတော်များ၊ ဧည့်ပရိသတ်များ ထားရှိမည့် မဏ္ဍပ်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့် အဖွဲ့သည် မန္တလေးနန်းမြို့မြန်နန်းစံကျော် ရွှေနန်းတော်ပတ်ဝန်းကျင်ရှိမင်းတုန်းမင်းကြီး၏ ဂူဗိမာန်နှင့် ဆွေတော်မျိုးတော်များ၏ ဂူဗိမာန်များ၊ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တည်ထောင်ခဲ့သော ဒဂ်ါးစက်ရုံတော်တို့အား သွားရောက်ကြည့်ရှုကြသည်။



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Yohei SASAKAWA နှင့် အဖွဲ့အား နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာ-ဂျပန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လေ့ကျင့်ရေးသင်တန်းနှင့် ချစ်ကြည်ရေးခရီးသွားရောက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များနှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ ပါဝင်ကူညီမှု အခြေအနေများအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

---

☆ **ကျောဖုံးမှ**

မောင်တောဒေသအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးမှု ရရှိစေရေးတို့အတွက် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများမှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ဖေဖော်ဝါရီ ၉ ရက်တွင် ယခင်မှ ထုတ်ပြန်ခဲ့သော ညမထွက်ရအမိန့်ကို ည ၇ နာရီမှ နံနက် ၆ နာရီအထိ အစား ည ၉ နာရီမှ နံနက် ၅ နာရီအထိ ပြန်လည်လျှော့ပေါ့ ထုတ်ပြန်ပေးနိုင်ခဲ့သည်။

ယခုအခါ တပ်မတော်အနေဖြင့် မောင်တောဒေသအတွင်း နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ ဆောင်ရွက်မှုမရှိတော့ဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအား ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များ ထွက်ပေါ်နေမှုနှင့်ပတ်သက်၍ မစ္စတာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ဝင်းထွန်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အလားတူ မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် မီးသင့်ကျေးရွာများ၌ စနစ်တကျပြန်လည်ထူထောင်နေထိုင်နိုင်စေရန်အတွက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း ဦးဆောင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မောင်တောဒေသအတွင်းရှိ နှစ်ဖက်အသိုင်းအဝိုင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း နိုင်ငံတော်အစိုးရက ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ဖေဖော်ဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

---

○ **လက်ရှိချန်ပီယံမှ**

ရတနာပုံအသင်းတွင် ဒဏ်ရာမှ ပြန်ကောင်းလာသည့် အောင်သူနှင့် သိန်းသန်းဝင်းတို့ ပြန်ပါလာပြီး ရခိုင်အသင်းမှာမူ နိုင်ငံခြားသားကစားသမား သုံးဦး အပါအဝင် လူစုံခဲ့သည်။ ရတနာပုံအသင်းသည် ပွဲအစတွင် ရခိုင်အသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့ပြီး ကိုးမိနစ်တွင် အသင်းခေါင်းဆောင် ရန်ပိုင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၃ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ဆန်းဒေးမတ်သယူးက သွင်းယူခဲ့သောကြောင့် ရခိုင်အသင်း ချေပဂိုးပြန်ရခဲ့သည်။

ဂိုးပေးလိုက်ရသောကြောင့် ရတနာပုံအသင်း အနိုင်ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရခိုင်နောက်တန်းက အမှားအယွင်းမရှိ ဖျက်ထုတ်ခဲ့သည်။ ရခိုင်အသင်းသည် ခြောက်ပွဲဆက် ရှုံးပွဲမရှိ ကစားထားနိုင်သော်လည်း နိုင်ပွဲတစ်ပွဲသာရသေးပြီး ငါးပွဲအထိ သရေကျထားသည်။

ပွဲစဉ်(၆)ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - စိုးညွန့်**

---

# အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)အား ဖီဖာဥက္ကဋ္ဌ ဖွင့်လှစ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ မတည်ငွေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဧရာဝတီဖောင်ဒေးရှင်းတို့ ပူးပေါင်းတည်ဆောက်ပြီးစီးခဲ့သည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုတက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်၊ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် တာဝန်ရှိသူများက အကယ်ဒမီကျောင်းအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကိုကျင်းပရာ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား အမှတ်တရလက်ဆောင်ပေးအပ်သည်။ ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ဖီဖာဥက္ကဋ္ဌအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက အမှတ်တရလက်ဆောင်ကိုလည်းကောင်း၊ MFF ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ ဇွဲကပင်အသင်းပိုင်ရှင် ဦးလှဋ္ဌေးတို့က မြန်မာအသင်းဂျာစီကိုလည်းကောင်း ပေးအပ်သည်။ ယင်းနောက် ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် မြန်မာကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားသည်။ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် နေ့လယ်ပိုင်းက ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ခဲ့သည်။

ယင်းအကယ်ဒမီမှာ မြန်မာနိုင်ငံတွင် တတိယမြောက်ဖွင့်လှစ်သည့် အကယ်ဒမီဖြစ်ပြီး အကယ်ဒမီတိုင်းကို ဖီဖာ၏ထောက်ပံ့ငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယနေ့ ဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)တည်ဆောက်မှု ကုန်ကျငွေ စုစုပေါင်း ဒေါ်လာ ၂၇၈၄၇၉၄ ရှိခဲ့ကာ ဖီဖာမှ မတည်ငွေ ဒေါ်လာ ငါးသိန်းရရှိခဲ့ကာ ကျန်ကုန်ကျစရိတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တည်ထောင်ထားသည့် ဧရာဝတီဖောင်ဒေးရှင်းက စိုက်ထုတ်တည်ဆောက်ခဲ့ကာ မြက်ခင်းတုလေ့ကျင့်ရေးကွင်း နှစ်ကွင်းလည်း ပါဝင်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ဖွင့်လှစ်ပြီးပါက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် (ပုသိမ်)တို့ သုံးခုစလုံးတွင် လူငယ်ကစားသမားကောင်းများ ထွက်ပေါ်လာရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်ဖြစ်သည်။ အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)အတွက် လူရွေးပွဲကို မတ်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး နည်းစနစ်အဖွဲ့များဖွဲ့စည်းထားကာ အရည်အသွေးပြည့်မီသည့် ကစားသမားကောင်းများ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ လူရွေးပွဲကို မြို့နယ် ၅၂ ခုတွင် မတ်လမှစ၍ ကျင်းပမည်ဖြစ်သည်။


**(ရဲရင့်ရှိုင်း)**

---

# ဦးကိုနီ၊ ဦးနေဝင်းနှင့် တာဝန်သိအငှားယာဉ်မောင်းကြီးများအား ချီးမွမ်းဂုဏ်ပြုသည့် အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်လေဆိပ်တွင် သေနတ်သမားတစ်ဦး၏ လုပ်ကြံမှုကြောင့် ကွယ်လွန်သွားခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေးကော်မတီဝင် ဦးကိုနီ(တရားလွှတ်တော်ချုပ်ရှေ့နေ)၊ စွန့်လွှတ်ရဲသူ ဦးနေဝင်းနှင့် တာဝန်သိ အငှားယာဉ်မောင်းကြီးများအား ချီးမွမ်းဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဂုဏ်ပြုစကားပြောကြားကာ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်ဌေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သူများ ကိုယ်စား ဦးအရည်ကြိုက လုပ်ငန်းဆောင်ရွက်ခဲ့ပုံအကျဉ်းကို ရှင်းလင်းတင်ပြပြီး ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များက ပေးအပ်လှူဒါန်းခဲ့သော ဂုဏ်ပြုလှူဒါန်းငွေများကို သက်ဆိုင်သူတို့အား အသီးသီးပေးအပ်သည်။

ယနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥပဒေအကြံပေး ကော်မတီဝင် ဦးကိုနီ (တရားလွှတ်တော်ချုပ်ရှေ့နေ)၏ ကျန်ရစ်သူမိသားစုအား ငွေကျပ် ၂၀၄၈၂၉၆၀ ကိုလည်းကောင်း၊ လေဆိပ်အငှားယာဉ်မောင်း ဦးနေဝင်း (ကွယ်လွန်သူ)၏ ကျန်ရစ်သည့် မိသားစုအား ငွေကျပ် ၉၈၃၄၀၅၄၀ အားလည်းကောင်း၊ အငှားယာဉ်မောင်း ဦးကျော်ဦးအား ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ လေဆိပ်အငှားယာဉ်မောင်းများအတွက် ငွေကျပ် သိန်း ၉၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

"ဖြစ်ဖြစ်ချင်းညမှာ ဘဏ်အကောင့်ကိုစဖွင့်ခဲ့ပါတယ်။ အဲဒီညမှာပဲ ဦးနေဝင်းအတွက် အလှူငွေကျပ်သိန်းတစ်ရာရရှိခဲ့ပါတယ်။ ဦးနေဝင်းအတွက် ဧရာဝတီဘဏ်မှာ ၁၀ ရက်အကောင့်ဖွင့်ပေးထားပါတယ်။ ဦးကိုနီအတွက်ကိုတော့ ဖေဖော်ဝါရီ ၁ ရက်ကနေစပြီး ဘဏ်အကောင့်ဖွင့်ပေးခဲ့ပါတယ်။ ငွေစာရင်းကိုလည်း ဘဏ်မှာထားပြီးဆောင်ရွက်ပေးခဲ့ပါတယ်" ဟု အဆိုပါပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးသူ စေတနာ့ဝန်ထမ်း ဒေါ်သဥ္ဇာအေးက ပြောသည်။

ဦးနေဝင်းအတွက် စေတနာရှင်များက လှူဒါန်းသော ဂုဏ်ပြုငွေစုစုပေါင်း ငွေကျပ် သိန်းကိုးရာကျော် ရရှိသည်ဖြစ်ရာ ယင်းတို့အနက် ၂၅ ရာခိုင်နှုန်းကို သမီးအကြီးအတွက် ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် ၇၅ ရာခိုင်နှုန်းကို ကလေးသုံးယောက်အတွက်ပေးအပ်သွားမည်ဖြစ်သည်။ ယင်းငွေများထဲမှ ကာယကံရှင်တို့ကြိုက်နှစ်သက်သည့် တိုက်ခန်း (ငွေကျပ် သိန်း ၅၅၀ တန်ဖိုးရှိ) တစ်ခန်းကို ကလေးသုံးဦး၏ နာမည်ဖြင့် တရားဝင် စာချုပ်ချုပ်ဆိုကာ ဝယ်ယူပေးသွားမည်ဖြစ်သည့်အပြင် ကျန်ရှိသည့်ငွေကျပ်သိန်း ၁၈၀ ကျော်ကို ဦးနေဝင်း၏ ဇနီးဖြစ်သူ (ကာယကံရှင်) ထံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး(ပဏ္ဍိတ)**

# ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်(ခ)ဦးဌေးလှိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီရဲ့ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်(ခ)ဦးဌေးလှိုင်ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများခင်ဗျာ**

ကျွန်တော်တို့ပါတီဟာ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ နောက်ခံသမိုင်းကြောင်းကို တင်ပြရမယ်ဆိုလျှင် ပါတီဝင်များဟာ ၁၉၈၈ ခုနှစ် အရေးတော်ပုံကာလကတည်းက ပါဝင်လှုပ်ရှားခဲ့သော အတွေ့အကြုံရှိသော ပါတီဝင်များဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် ပါတီများမှတ်ပုံတင်ဥပဒေအရ အခြားသောပါတီအသီးသီးတွင် တာဝန်ယူနေကြပြီး ယခုမှပြန်လည်စုစည်းခဲ့သော ကျောင်းသား၊ ပြည်သူလူထုများဖြစ်ကြပြီး တပေါင်းတည်း စုစည်းထားတဲ့ပါတီတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီဝင်တွေဟာ တစ်ပါတီစနစ်ကိုလည်း တွေ့ကြုံခဲ့ရသော ပြည်သူများ၊ ကျောင်းသားများဖြစ်သည်နှင့်အညီ ပြည်သူများရဲ့ ခံစားချက်များကို ကိုယ်တိုင်ကိုယ်ကျခံစားခဲ့ရသည့်အတွက် ပြည်သူများရဲ့ အကျိုးသယ်ပိုးရန်သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။

ယနေ့ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးအကောင်အထည်ဖော်ရန် ခွင့်ပြုပေးခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ဝင်ယုံကြည်သော ပါတီတစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တစ်တွေဟာ ပါတီတစ်ရပ်တည်ထောင်ပြီး ပြည်သူကိုအကျိုးပြုဖော်ဆောင်ပေးရန်အတွက် ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီအား တည်ထောင်ခဲ့ရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်သူများ၊ ကျောင်းသားများနဲ့ ဖွဲ့စည်းခဲ့သည့်အတွက် ပါတီရဲ့တံဆိပ် (Logo)ကို ခွပ်ဒေါင်းအဖြူတွင်တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရဲ့ အမှတ်အသားအဖြစ် ကြယ်ဖြူ ၁၄ လုံး ဝန်းရံထားခဲ့ပါတယ်။

ခွပ်ဒေါင်းဟာအရောင်အားဖြင့် အနီရောင်အဖြစ်တည်ရှိနေခဲ့ပေမယ့် ကျွန်တော်တို့ပါတီရဲ့ခွပ်ဒေါင်းဟာ အဖြူရောင်ဖြစ်ပါတယ်။ ဖြူစင်ခြင်း၊ သန့်ရှင်းခြင်းဖြစ်ပါတယ်။ ယခင်ကျောင်းသားများ ဖြတ်သန်းခဲ့ရတဲ့ အခင်းအကျင်းတွင် တိုင်းတစ်ပါးနိုင်ငံခြားသားတွေရဲ့ ဖိနှိပ်ချုပ်ချယ်ခြင်းခံရသည့်အတွက် တိုက်ပွဲဝင်တောင်းဆိုရာမှာ ခွပ်ဒေါင်းစိတ်ဓာတ်နဲ့ တွန်းလှန်တိုက်ခိုက်ရာမှာ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိနဲ့ပြည့်စုံပြီး တိုက်ခိုက်တတ်တဲ့ ခွပ်ဒေါင်းဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ခွပ်ဒေါင်းဖြူဟာ ယနေ့ဖြစ်ပေါ်နေသော အခင်းအကျင်းအရ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများက နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးများကို ဆောင်ရွက်နေကြသည့်အတွက် ကျွန်တော်တို့ပါတီဟာ ဖြူစင်ခြင်းနဲ့အညီ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ ထောက်ကူခြင်းများ ပူးတွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်များခင်ဗျာ**

ကျွန်တော်တို့ပါတီဟာ အောက်ဖော်ပြပါ ဆောင်ရွက်မှုများကို အသိအမှတ်ပြုထောက်ခံပါတယ်။

(၁) နိုင်ငံတော်တည်ထောင်ရာတွင် အစိုးရ/လွှတ်တော်/တပ်မတော်/နိုင်ငံရေးပါတီများ/ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းကို ထောက်ခံပါတယ်။

(၂) အမျိုးသားရေးဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေးဆွေးနွေးပွဲကို ကြိုဆိုထောက်ခံပါတယ်။

(၃) အမျိုးသားရင်ကြားစေ့ရေးအတွက် (၂၁)ရာစုပင်လုံညီလာခံ အောင်မြင်ရေးကို နိုင်ငံရေးပါတီများအားလုံး ပါဝင်နိုင်ရေး ဆောင်ရွက်ပေးပါရန် တိုက်တွန်းထားမှုများအား ထောက်ခံပါတယ်။

**မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများခင်ဗျာ**

ကျွန်တော်တို့ပါတီရဲ့ ရည်မှန်းချက်ကတော့ စည်းကမ်းပြည့်ဝပြီး စစ်မှန် သော ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေးပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒများကတော့

(၁) ကျွန်ုပ်တို့ပါတီသည် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံရေးစနစ်ကို ယုံကြည်သည်။

(၂) ကျွန်ုပ်တို့ပါတီသည် ပါတီတွင်း/ပါတီပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်များဖြစ်သော အများဆန္ဒကိုဖော်ဆောင်ပြီး အနည်းဆန္ဒကို အသိအမှတ်ပြုမည်။

(၃) ကျွန်ုပ်တို့ပါတီသည် အမျိုးသားရေးကို အမြဲဦးစားပေးဆောင်ရွက်မည်။

(၄) ကျွန်ုပ်တို့ပါတီသည် ပါတီအားလုံးနှင့် တန်းတူရည်တူဆက်ဆံသွားမည်။

(၅) ကျွန်ုပ်တို့ပါတီသည် ရည်ရွယ်ချက်/ယုံကြည်ချက်တူသော ပါတီများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့ပါတီသည် အခြားပါတီများအား နိုင်ငံရေးအရ ကောင်းမွန်သော ယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်သွားမည်။

**မဲဆန္ဒရှင်များခင်ဗျာ**

ကျွန်တော်တို့ပါတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ဝင်ယုံကြည်တဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်။ အမျိုးသားရေးကို ဦးစားပေးဆောင်ရွက်နေတဲ့အတွက် ယနေ့ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ရှိခံစားနေကြရပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် (၃)ရပ်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်များ ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့ ပေါ်ပေါက်ပြီး နိုင်ငံတော်ကို ဒီမိုကရေစီနည်းနဲ့ တာဝန်ယူနေပြီဖြစ်ပါတယ်။

အလားတူပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေ ပေါ်ပေါက်ခဲ့ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများဦးဆောင်တဲ့ အစိုးရအဖွဲ့တွေဟာ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ အုပ်ချုပ်ရေးစနစ်များ ဖြစ်ပေါ်လျက်ရှိပါတယ်။ လွှတ်တော်များက ဥပဒေပြုပေးပြီး အုပ်ချုပ်ရေးအဖွဲ့များက ဥပဒေနှင့်အညီ ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များက မိမိတိုင်းဒေသကြီးနဲ့ ပြည်နယ်များရဲ့ လိုက်လျောညီထွေတဲ့ ဥပဒေနှင့်အညီ ဆောင်ရွက်နေကြသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ဖွဲ့စည်းပုံအရ ပေါ်ပေါက်လာကြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက ကြိုဆိုထောက်ခံပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်ထောင်စုဖွား ၁၃၅ မျိုးသော တိုင်းရင်းသားများ၏အရေးကို ဦးထိပ်ထားသော အမျိုးသားရေးတွင် တိုင်းရင်းသားအချင်းချင်း သွေးခွဲတိုက်ခိုက်ခြင်းများ ပြုလုပ်နေခြင်းအား လုံးဝကန့်ကွက်ရှုတ်ချပါတယ်။ ၁၃၅ မျိုးသောတိုင်းရင်းသားများအရေးသည် ကျွန်တော်တို့ပါတီ၏ အရေးအဖြစ်လက်ခံထားသော ပါတီဖြစ်ပါတယ်။ ယနေ့ဖြစ်ပေါ်နေသော ဖြစ်စဉ်များအရ နိုင်ငံရဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်သည် အသက်၊သွေး၊ချွေးများ စတေးကာ သက်စွန့်ကာကွယ်နေကြခြင်းဖြစ်ပါတယ်။ တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်သလို ပြည်သူများသည် တပ်မတော်၏ အင်အားအဖြစ်တည်ရှိကြောင်း ကျွန်တော်တို့ပါတီမှ အမြဲလက်ခံထားရှိပါသည်။ ကျွန်တော်တို့ပါတီအနေဖြင့် ၁၃၅ မျိုးရှိ လူမျိုးတစ်မျိုးအား ထိခိုက်လာမည်ဆိုလျှင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲစေရေးအတွက် ပြည်သူများနှင့်အတူတကွ ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများ ခင်ဗျာ**

ကျွန်တော်တို့ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီဟာ လာမယ့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမယ့် ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ယခုလက်ရှိ အနိုင်ရပါတီနဲ့ပူးတွဲပြီး တိုင်းရင်းသား ပြည်သူများအကျိုးကို ဆောင်ရွက်လိုပါတယ်။ ကျွန်တော်တို့ပါတီဟာ ပြင်ပနိုင်ငံရေးမှာထက် လွှတ်တော်တွင်းနိုင်ငံရေးကို ပိုမိုအားသွန်ခွန်စိုက်လုပ်ဆောင်လိုပါတယ်။ ဒါမှသာ ပြည်သူ့အကျိုးကို ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မှာဖြစ်သလို လက်ရှိဆောင်ရွက်နေသော လွှတ်တော်ကြီးကို တစ်တပ်တစ်အား ပူးပေါင်းပါဝင်ပြီး အထောက်အကူပေးချင်ပါတယ်။ ပြည်သူများရဲ့ ယုံကြည်စွာ တာဝန်ပေးအပ်မှုကို လိုလိုလားလား လက်ခံရယူရေး မျှော်မှန်းလျက်ရှိပါတယ်။

**မဲဆန္ဒရှင် ညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီရဲ့ သင်္ကေတဖြစ်တဲ့ သန့်ရှင်းသော၊ ဖြူစင်သော၊ မည်သည့်အရောင်မျှ ဆိုးထားခြင်းမရှိသော ခွပ်ဒေါင်းအဖြူကို ထောက်ခံတံဆိပ်ရိုက်နှိပ်ပေးပါရန် ရိုးသားစွာနဲ့ တောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ဒေါင်းဖြူလေးဟာ ပြည်သူများရဲ့ ယုံကြည်စွာပေးအပ်လာမယ့်တာဝန်ကို ရိုးသားစွာနဲ့ စောင့်မျှော်ခံယူနေလျက်ပါ။

ပြည်သူအများက ကျွန်တော်တို့ပါတီရဲ့ ဒေါင်းဖြူလေးကို စဉ်းစားတွေးတော ဝေမောမနေဘဲ ချက်ချင်းဆုံးဖြတ် တံဆိပ်ခတ်ပြီး "ဒေါင်းဖြူကို ဝိုင်းကူ" ပေးစေလိုကြောင်း တင်ပြအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

**ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**
**အားလုံးကျေးဇူးတင်ပါတယ်။**

**ဒို့ဒေါင်းဖြူ**

**(ဟော့. . . ဟော့. . ဟော့. . ဟော့. . ဒေါင်းဖြူလာပြီဟော့. . . )၂**
**အရွေးမမှားစေဖို့. . . အတွေးအမှားစေဖို့. .**
**ဒေါင်းဖြူကိုသာ မဲပေးကြစို့လေ. .**
**လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ**
**စဉ်ဆက်မပြတ် လူထုအတွက်**
**အားသွန်ခွန်စိုက် ထမ်းရွက်မှာဗျ**
**ပြည်သူ့ချစ်တဲ့ဒေါင်းဖြူပါ. .**
**ဟော့. . . ဟော့. . ဟော့. . ဒေါင်းဖြူလာပြီဟော့. . .**
**ဟော့. . . ဟော့. . ဟော့. . ဟော့ . . ဒေါင်းဖြူလာပြီဟော့. . .**
**တို့ဒေါင်းဖြူကို မဲပေးစို့. . ဒေါင်းဖြူကိုလေမဲပေးစို့. .**
**ဒေါင်းဖြူကိုသာမဲပေးကြစို့လေ. .**
**ဟော့. . . ဟော့. . . ဟော့. . ဒေါင်းဖြူလာပြီလေ. .**
**ဟော့. . . ဟော့. . . ဟော့. . ဟော့. . ဒေါင်းဖြူလာပြီလေ. .**
**အရွေးမမှားစေဖို့. . . အတွေးမမှားစေဖို့. .**
**ဒေါင်းဖြူကိုသာ မဲပေးကြစို့လေ. .**
**အရွေးမမှားစေဖို့. . . အတွေးမမှားစေဖို့. .**
**ဒေါင်းဖြူကိုသာ မဲပေးကြစို့လေ. .**
**ကျောင်းသားပြည်သူလက်တွဲကူ ပြည်သူအတွက်**
**တို့ဒေါင်းဖြူ ။ ။**



# မန္တလေးနန်းမြို့ရိုး ရေရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့၏ ယဉ်ကျေးမှုပြယုဂ်ဖြစ်သော နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိ မန္တလေးနန်းမြို့ရိုး ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်းမှုများအား လုပ်ငန်းစဉ်ခုနစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နန်းမြို့ရိုး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများအနေဖြင့် မြို့ရိုးပတ်လည်ရှိ ရေညှိများအားပေါင်းသတ်ရှင်းလင်းခြင်းနှင့် ရေလုံဆေးအသုံးပြု၍ အနားသတ်ကြားဆိပ်ခြင်းလုပ်ငန်း၊ မြို့ရိုးအုတ်နံရံတွင် ပျက်စီးလစ်လပ်နေသောနေရာများ၊ အက်ကွဲကျိုးပဲ့နေသော အုတ်များနှင့် ဆွေးမြည့်နေသော အုတ်များအားဖယ်ရှားပြီး ရှေးဟောင်းအုတ်အရွယ်အစားအတိုင်း အစားထိုးဆောင်ရွက်ခြင်း၊ မြို့ရိုး ကွဲအက်ပျက်စီးနေသည့်နေရာများအား ကာဗွန်ဖိုက်ဘာနည်းပညာ၊ Brick Stitching နည်းပညာ၊ Lime Grouting ထည့်သွင်းခြင်း နည်းပညာများ အသုံးပြု၍ ကြံ့ခိုင်မှုပြုလုပ်ခြင်းများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

ထို့အပြင် ထပ်မံဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် မြောက်ဘက်နှင့် အနောက်ဘက် မြို့ရိုးရှိ နိမ့်ကျွံပျက်စီးနေသည့် နေရာနှစ်ခုအတွက် အလျားငါးပေ၊ အနံငါးပေ၊ ဒုနှစ်ပေဖြင့် Concrete Grouting ဖြည့်၍ မြှင့်တင်ခြင်းဖြင့် ကြံ့ခိုင်မှုပြုလုပ်ခြင်း၊ ပြာသာဒ်များနှင့် နန်းမြို့ရိုးနံရံ အပေါ်ထိပ်မျက်နှာပြင်အား မိုးရေစိမ့်ဝင်ခြင်းမှ ကာကွယ်ရန် ၁ ဒသမ ၅ လက်မထု ကွန်ကရစ် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နန်းမြို့ရိုးပတ်လည်ရှိ တံခါး ၁၂ ခုနှင့် နန်းမြို့ရိုးအပြင်ဘက်အခြေအား ရေမဝပ်စေရန် လက်ရှိမြို့ရိုးနှင့် ကျုံးအကြားဖောက်လုပ်ထားသော လမ်းဘေးရေမြောင်းများအား စနစ်တကျပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တစ်သျှူးကာချာလ်မျိုးပွားအလုပ်ရုံရှိ သုတေသနလုပ်ငန်းများ လေ့လာ



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်က မန္တလေးမြို့ ဟွန်ဒါ(မြန်မာ)ကုမ္ပဏီ၏ တစ်သျှူးကာချာလ်မျိုးပွားအလုပ်ရုံ၌ သုတေသနပြုလုပ်လျက် ရှိသော ဓာတ်ခွဲခန်းအတွင်း အကြီးမြန်သစ်ပင်၊ အထွက်တိုး မျိုးကောင်းမျိုးသန့်ကြံ၊ ဘရာဇီးလ်ငှက်ပျောမျိုးပွားခြင်းလုပ်ငန်းတို့ကိုလည်းကောင်း၊ **(ယာပုံ)** အလုပ်ရုံခြံဝင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော အကြီးမြန်သစ်ပင်များ စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

"တစ်သျှူးကာချာလ် မျိုးပွားနည်းပညာနဲ့ မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ဖို့ ၂၀၀၈ ခုနှစ်က စတင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ထုတ်လုပ်ရရှိတဲ့ မျိုးကောင်းမျိုးသန့် အကြီးမြန်ယူကလစ်ပင်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖြန့်ဖြူးစိုက်ပျိုးခဲ့ပါတယ်။ အကြီးမြန်သစ်မျိုးတွေဖြစ်တဲ့ သဘော်မန်ကျည်း (Albizia)နဲ့ မအူလက်ပံမျိုးတို့ကိုလည်း ၂၀၁၅ ခုနှစ်က စတင်ပြီး တစ်သျှူးကာချာလ် မျိုးပွားနည်းနဲ့ ထုတ်လုပ်မှု အောင်မြင်ခဲ့ပါတယ်။ ဒီအပင်တွေကို လယ်ကန်သင်းရိုး၊ လယ်ကွင်းဝန်းကျင်မှာ စိုက်ပျိုးရင် အထူးအကျိုးရှိနိုင်ပြီး မြေဩဇာအနည်းငယ်သုံးစွဲဖို့သာ လိုအပ်ပါတယ်။ ကြွေကျလာတဲ့အရွက်တွေဟာ ဆွေးလွယ်တာမို့ မြေဆီအဖြစ် အကျိုးပြုပါတယ်။ ကုမ္ပဏီကထုတ်လုပ်နေတဲ့ အကြီးမြန် ယူကလစ်လေးမျိုးအနက် တစ်နှစ်မှာ အချင်း ၂ ဒသမ ၅ လက်မထိ ထူးခြားစွာကြီးထွားတဲ့ Ever Green-1 နဲ့ GW-27 မျိုးတို့ကိုလည်း အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပါတယ်"ဟု ကုမ္ပဏီမှတာဝန်ရှိသူ သစ်တစ်ဦးက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအား Projector ဖြင့်ရှင်းလင်းပြသသည်။

သဘာဝသစ်တောသည် တစ်ဧကလျှင် အပင်အရေအတွက် ၂၀ မှ ၃၀ ထိသာရှိပြီး ကြီးထွားနှုန်းမှာ တစ်နှစ်လျှင် ၀ ဒသမ ၅ တန်သာကြီးထွားကာ နှစ် ၅၀ မှ ၁၀၀ အတွင်းသာ ခုတ်ယူအသုံးပြုနိုင်သည်။ အကြီးမြန်သစ်ပင်သည် တစ်ဧက အပင်အရေအတွက် ၅၀၀ ခန့်ဝင်ဆံ့ပြီး ကြီးထွားနှုန်းမှာ တစ်နှစ်လျှင် ၁၀ တန်ခန့်ကြီးထွားသည်။ ၅ နှစ်ပြည့်လျှင် ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိ ပင်ကျပ်များကို ခုတ်ယူအသုံးပြုနိုင်ပြီး ကျန်လက်ရွေးစင်အပင်များကို စိုက်သက် ၁၀ နှစ်မှ ၁၂ နှစ်အထိ ဆက်လက်ပြုစုထိန်းသိမ်းခြင်းဖြင့် အဆောက်အအုံသုံး သစ်မာခွဲသားအဆင့်ရရှိနိုင်သည်ဟု သိရသည်။

"ယူကလစ်တောတွေဟာ မြေအောက်ရေစုပ်တယ်။ အာဟာရစုပ်တယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးစေတယ်ဆိုတဲ့ ဂဟေစနစ်နဲ့ ဆန့်ကျင်ဘက် အမြင်တွေဟာ မှားယွင်းမှုသာဖြစ်ပါတယ်။ အကြီးမြန် ယူကလစ်မျိုးကြောင့်မဟုတ်ဘဲ အာရှတိုက်မှာ စိုက်ပျိုးသူအချို့က သိပ္ပံနည်းကျစနစ်တကျစိုက်ပျိုးကြတာ မဟုတ်လို့ ဝေဖန်ခံရတာဖြစ်ပါတယ်။ ဥပမာ အနေနဲ့ပြောရရင် တစ်ဧကမှာ စိုက်ပျိုးသင့်တဲ့ အပင်အရေအတွက် များပြားစွာစိုက်ပျိုးတယ်။ မြေဩဇာ လွန်ကဲစွာသုံးစွဲတယ်။ ပေါင်းဖျန်းဆေး သုံးစွဲတယ်။ ပင်ကျပ်ခုတ်ခြင်းမပြုဘဲ စိုက်သက် ၄၊ ၅နှစ်မှာ အပြောင်ခုတ်စနစ်နဲ့ ခုတ်ယူတယ်။ စိုက်ဧရိယာများစွာမှာ သဘာဝတောမချန်ဘဲ သစ်မျိုးတစ်မျိုးတည်းသာစိုက်ပျိုးကြလို့ဖြစ်ပါတယ်။ စနစ်တကျသိပ္ပံနည်းကျစိုက်ပျိုးပါက ပျက်စီးနေတဲ့မြေတွေ ဖွံ့စည်းမှုကောင်းလာပြီး Organic Matter တွေတိုးလာပါတယ်။ မြေဆီပြန်လည် ဖြစ်ပေါ်လာပါတယ်။ ယူကလစ်ပင်ဟာ Photosynthesis အားကောင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုနဲ့ အောက်ဆီဂျင်ထုတ်လွှတ်မှုတို့ အလွန်များပါတယ်။ ယူကလစ်တစ်ဟက်တာဟာ တစ်နှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက် ၂၄ တန် စုပ်ယူပြီး အောက်ဆီဂျင် ၁၈ တန် ထုတ်လွှတ်ပေးနိုင်တာမို့ သဘာဝပတ်ဝန်းကျင် ကောင်းမွန်စေပါတယ်။ သတ္တုထုတ်လုပ်ရာဒေသ၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းပျက်စီးနေတဲ့ ဒေသတွေမှာ အကြီးမြန်သစ်ပင်စိုက်ပျိုးပါက ဂဟေစနစ်ကိုအမြန်ဆုံး ပြန်လည်ပြုပြင်ပေးပါတယ်"ဟု ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသရာ ပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုပြောကြားကြသည်။ **(အောင်ခန့်)**

# ကျေးလက်ဒေသ လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်

**အုတ်ဖို ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် ကျေးရွာပေါင်း ၂၄၄ ရွာရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၄၁ ရွာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်သော ဒေသများတွင်လည်း ပျက်စီးသွားသော လမ်း၊ တံတားများအား ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးနေမှုနှင့် ကျေးလက်လမ်း၊တံတားများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ဆောင်ရွက်လျက်ရှိရာ တာဆုံ - တိမ်ညွှန့် ကျေးရွာချင်းဆက်လမ်းအား ကတ္တရာခင်းဆောင်ရွက်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်အဖွဲ့က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဒေသခံပြည်သူများ ပေါင်းစပ်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**(ကြေးမုံ)**



ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက ဗဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဗဟန်းမြို့နယ် ဆရာစံ ပလာဇာရှိ ငါးထပ်၌ ပြုလုပ်ရာ ပထမရရှိသော စိတ်ကြိုက်သစ်သားပန်းပုပြိုင်ပွဲတွင် ဦးကျော်စွာ(ဒါးပိန်)၏ "နှစ်ဖဝါး၊ နှစ်ထွာလွတ်မှာလားကွယ်"ပန်းပုလက်ရာကို တွေ့ရစဉ်။ (ခင်မောင်ဝင်း-ကြေးမုံ)

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၈ ဒသမ ၄၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၄ ဒသမ ၇၄ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၃ ဒသမ ၁၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၄၀ ဒသမ ၈၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၇ ဒသမ ၅၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၈၈ ဒသမ ၃၆ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၁၁ ဒသမ ၅၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၆၅ ဒသမ ၁၉ သန်းဖြစ်ပေါ်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၆၅ ဒသမ ၁၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၃၇ ဒသမ ၂၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀၂ ဒသမ ၄၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၀၃ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၀၃ ဒသမ ၆၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၆၀၇ ဒသမ ၁၈ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၀၁၀၉ ဒသမ ၆၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၀၄ ဒသမ ၇၅ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း(ဗဟို)နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

"မူးယစ်ဆိုက ဆန့်ကျင်ကြ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မူးယစ်ဆေးဝါးပပျောက်စေရေးအတွက် တစ်နိုင်ငံလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်းနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကို ၁၉၉၄ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်၍ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်ရေးကို စီမံချက်များချမှတ်ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၇ ခု၊ ခရိုင် ၃၀၊ မြို့နယ်ပေါင်း ၁၄၉ မြို့နယ်၊ အသင်းဝင်ပေါင်း ၂၈၉၄၉ ဦးရှိကြောင်း၊ အစိုးရအဖွဲ့၊ ပြည်သူ၊ လူမှုရေးအဖွဲ့အစည်းများ ဝိုင်းဝန်းကူညီ စုပေါင်းဆောင်ရွက်ကြမှသာ မူးယစ်အန္တရာယ်ကင်းဝေးပပျောက်သွားနိုင်မှာဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မူးယစ်ပြတိုက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (၁၈) ကြိမ်မြောက် နှစ်ပတ်လည်ဗဟိုကော်မတီ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းနှင့် သဘာပတိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ရဲချုပ်စိုးဝင်း(ငြိမ်း)တို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးမြင့်ခိုင်က အစီရင်ခံစာဖတ်ကြား၍ ဘဏ္ဍာရေးမှူး ဦးဘိုကြီးက အသင်းရသုံးငွေစာရင်းရှင်းတမ်း ဖတ်ကြားပြီး စာရင်းစစ်ဦးတင်ထွဋ်က အသင်းစာရင်းအင်းများသည် စာရင်းအင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီ၍ ထောက်ခံပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အသင်းနာယကကြီးများဖြစ်ကြသော ပြည်ထဲရေးဝန်ကြီး ဦးတင်လှိုင် (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးသန်းဦး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒါရိုက်တာမောင်ယဉ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၆၈၄)**

# မိသလင်ကျေးရွာတွင်းလမ်းမ ကွန်ကရစ်ခင်း

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၇**

ကျေးလက်နေပြည်သူများ သွားလာဆက်သွယ်မှု အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ကျိုက်လတ်မြို့နယ် မိသလင်ကျေးရွာတွင်းလမ်းမကြီးအား ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် မတ် ၁၅ ရက်အပြီး ကွန်ကရစ်ခင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိသလင်ကျေးရွာ ရွာလမ်းမကြီး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ၂၂ ဒသမ ၃၆၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရှည် ၄၈၁၁ ပေ၊ အကျယ် ခြောက်ပေ၊ ဒု ခြောက်လက်မဖြစ်ကြောင်း သိရသည်။ **(သပြေထွန်း)**




# နောက်ခံလူ မာတင်ကာဆာရက်စ် ဆောက်သမ်တန်သို့ ပြောင်းရွှေ့

ဂျူဗင်တပ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ နောက်တန်းကစားသမားဟောင်း မာတင်ကာဆာရက်စ်သည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကုန်အထိ ဆောက်သမ်တန်အသင်းတွင် ရှိနေမည့် စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

ပြီးခဲ့သည့်ဇွန်လအတွင်းက ဂျူဗင်တပ်အသင်းမှ ထွက်ခွာခဲ့သည့် ဥရုဂွေးကြယ်ပွင့် မာတင်ကာဆာရက်စ်သည် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်း၏ ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေခဲ့ကာ ပရီမီယာလိဂ်ကလပ်အသင်းများနှင့် ဆွေးနွေးမှုများပြုလုပ်နေခဲ့သူဖြစ်သည်။

ထိုသို့ဆွေးနွေးနေခဲ့ရာမှ လက်ရှိတွင် အသက်(၂၉)နှစ်အရွယ်ရှိ မာတင်ကာဆာရက်စ်အနေဖြင့် ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ “အင်္ဂလန်မြေရဲ့ အရေးပါတဲ့ကလပ်အသင်းတစ်သင်းမှာ လာရောက်ကစားခွင့်ရလို့ အလွန်ပဲဝမ်းသာပါတယ်။ ကျွန်တော်ရရဲ့ခဲ့တဲ့အခွင့်အရေးတွေထဲက ကျွန်တော့်အတွက်ကောင်းဆုံးအခွင့်အရေးတွေဟာ ဆောက်သမ်တန်အသင်းအတွက်ပဲဖြစ်လာမှာပါ။ ဆောက်သမ်တန်အသင်းနဲ့ စာချုပ်ချုပ်ဆိုလိုက်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းမြောက်မိပါတယ်”ဟု နောက်တန်းကစားသမား မာတင်ကာဆာရက်စ်က ဆောက်သမ်တန်အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်မှ တစ်ဆင့် ပြောကြားခဲ့သည်။

နောက်တန်းကစားသမား မာတင်ကာဆာရက်စ်သည် ဂျူဗင်တပ်အသင်းနှင့် ဘာစီလိုနာအသင်းတို့တွင် အောင်မြင်မှုများရရှိခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ ဆောက်သမ်တန်အသင်းသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲအဖြစ် မန်ယူအသင်းနှင့် ဝင်ဘလေကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အဆိုပါဗိုလ်လုပွဲစဉ်သည် နောက်တန်းကစားသမား မာတင်ကာဆာရက်စ်အတွက် ဆောက်သမ်တန်အသင်းနှင့် ပထမဆုံးပွဲထွက်လာမည့်ပွဲစဉ်လည်းဖြစ်လာမည်ဖြစ်သည်။ **(ငွေကြယ်)**




# အီဘရာဟီမိုဗစ်၏ ဟက်ထရစ်သွင်းဂိုးဖြင့် စိန့်အက်စ်တီယန်ကို မန်ယူ ဂိုးပြတ်နိုင်

ယူရိုပါလိဂ်ပြိုင်ပွဲ၏ (၃၂)သင်းအဆင့် ပထမအကျော့ပွဲစဉ်များအနက် မန်ယူအသင်းနှင့် စိန့်အက်စ်တီယန်အသင်းတို့၏ပွဲစဉ်တွင် မန်ယူအသင်းက စိန့်အက်စ်တီယန်အသင်းကို တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ ဟက်ထရစ်သွင်းဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

တိုက်စစ်မှူးအီဘရာဟီမိုဗစ်သည် အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၁၅ မိနစ်၊ ၇၅ မိနစ်နှင့် ၈၈ မိနစ်တို့တွင် မန်ယူအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းဟက်ထရစ်သွင်းဂိုးသည် အီဘရာဟီမိုဗစ်၏ မန်ယူအသင်းနှင့်အတူ ပထမဆုံးအကြိမ် သွင်းယူနိုင်ခဲ့သည့် ဟက်ထရစ်သွင်းဂိုးလည်းဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ယခုတစ်ကြိမ် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ကစားသမားဘဝတစ်လျှောက်တွင် (၁၇) ကြိမ်မြောက်သွင်းယူနိုင်ခဲ့သည့် ဟက်ထရစ်သွင်းဂိုးလည်းဖြစ်လာခဲ့သည်။

မန်ယူအသင်းသည်လည်း နည်းပြ ဖာဂူဆန်လက်ထက် ၂၀၁၀ ခုနှစ်မှစတင်ကာ ဂိုးမပေးရဘဲ ဥရောပပွဲစဉ်သုံးပွဲဆက်နိုင်ပွဲရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်တင်နိုင်ခဲ့သည့်အပြင် ယခုပြိုင်ပွဲတွင် သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ယူရိုပါလိဂ်(၁၆)သင်းအဆင့် တက်လှမ်းနိုင်ရန် နီးစပ်မှုရှိသွားခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်သည် လူငယ်တိုက်စစ်မှူး မားကို့ရက်ရှ်ဖို့ဒ်အတွက် မန်ယူအသင်းနှင့် ပွဲထွက်ကစားခဲ့သည့် ပွဲ(၅၀)ပြည့်မြောက်သည့် ပွဲစဉ်ဖြစ်လာခဲ့ပြီး ပွဲကစားချိန် မိနစ် ၇၀ တွင် မာတာနေရာတွင် အစားထိုးဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအတွက် လက်ရှိအချိန်သည် ပွဲကျပ်ကာလဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ဘလက်ဘန်းအသင်းနှင့် အက်ဖ်အေဖလားပွဲစဉ်၊ ၂၂ ရက်တွင် စိန့်အက်စ်တီယန်အသင်းနှင့် ယူရိုပါလိဂ်(၃၂)သင်းအဆင့်ဒုတိယအကျော့ပွဲစဉ်၊ ၂၆ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

# ဝင်းဂါး၏ အနာဂတ် ရာသီကုန်တွင် ဆုံးဖြတ်မည်



အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ၎င်း၏အနာဂတ်နှင့်စပ်လျဉ်း၍ ယခုနှစ် ဘောလုံးရာသီကုန်တွင် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ နည်းပြ အာစင်ဝင်းဂါးသည် ဘိုင်ယန်မြူးနစ်အသင်းအား ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယခင်ကရှိနှင့်နေပြီးသည့် ဖိအားကို ထပ်မံတိုးသွားစေခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းတွင် အာစင်ဝင်းဂါးဆက်ရှိရန် သို့မဟုတ် ထွက်ခွာရန် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်း အာဆင်နယ်အသင်းနှင့် အာစင်ဝင်းဂါးတို့အကြား ဆွေးနွေးရတော့မည်ဖြစ်သည်။ နည်းပြ အာစင်ဝင်းဂါးသည် ၁၉၉၆ ခုနှစ်ကတည်းက အာဆင်နယ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး နည်းပြ အာစင်ဝင်းဂါး၏ အာဆင်နယ်နှင့် စာချုပ်သက်တမ်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

နည်းပြ အာစင်ဝင်းဂါးလက်ထက်တွင် အာဆင်နယ်အသင်းသည် ၁၉၉၇-၉၈၊ ၂၀၀၁-၀၂၊ ၂၀၀၃-၀၄ တို့တွင် ပရီမီယာလိဂ်ဖလားသုံးကြိမ်၊ ၁၉၉၇-၉၈၊ ၂၀၀၁-၀၂၊ ၂၀၀၂-၀၃၊ ၂၀၀၄-၀၅၊ ၂၀၁၃-၁၄၊ ၂၀၁၄-၁၅ တို့တွင် အက်ဖ်အေဖလားခြောက်ကြိမ်၊ ၁၉၉၈၊ ၁၉၉၉၊ ၂၀၀၂၊ ၂၀၀၄၊ ၂၀၁၄၊ ၂၀၁၅ တို့တွင် ကွန်မြူနတီဒိုင်းခြောက်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး ပရီမီယာလိဂ်ဖလားမှာ ၂၀၀၄ နောက်ပိုင်း ရရှိခဲ့ခြင်းမရှိခဲ့ပေ။ **(ငွေကြယ်)**

# ဆန်းဒါးလန်းနှင့်ပွဲစဉ်တွင် လူကာကူပါဝင်လာမည်ဟုဆို

အဲဗာတန်အသင်း၏ အားထားရသည့် တိုက်စစ်မှူး လူကာကူသည် အဲဗာတန်အသင်းလာမည့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ကစားမည့် ဆန်းဒါးလန်းအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း နည်းပြ ရော်လ်နယ်ကိုးမန်းက ပြောကြားလိုက်သည်။

တိုက်စစ်မှူး လူကာကူသည် ခြေသလုံးဒဏ်ရာရရှိထားခြင်းကြောင့် ဆေးဝါးကုသမှုခံယူနေရသည့်ကစားသမားတစ်ဦးဖြစ်သည်။ တိုက်စစ်မှူး လူကာကူသည် အဲဗာတန်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မိနစ် ၉၀ အပြည့် ပါဝင်ကစားခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် ခြေသလုံးဒဏ်ရာရရှိခဲ့ခြင်းကြောင့် နည်းပြ ရော်လ်နယ်ကိုးမန်းက ပြောကြားခဲ့သည်။




ဘယ်လ်ဂျီယံနိုင်ငံမှ ဆရာဝန်များကိုသာ ယုံကြည်မှုရှိသည့် တိုက်စစ်မှူး လူကာကူအား ဒဏ်ရာအား ဆေးဝါးကုသရန်အတွက် ဘယ်လ်ဂျီယံသို့ ပြန်လွှတ်ခဲ့ကြောင်းလည်း ရော်လ်နယ်ကိုးမန်းက ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား မက်ကာသီ (တံကောက်ကြောဒဏ်ရာ)နှင့် တိုက်စစ်မှူး မီရာလက်စ်(ပေါင်ဒဏ်ရာ)တို့သည်လည်း ဒဏ်ရာပြဿနာကြောင့် မစ်ဒယ်ဘရော့နှင့် ပွဲစဉ်တွင် မပါဝင်နိုင်ခဲ့သော်လည်း အဆိုပါကစားသမားနှစ်ဦးစလုံး ဖေဖော်ဝါရီ ၂၅ ရက်တွင် ကစားမည့် ဆန်းဒါးလန်းအသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း နည်းပြ ရော်လ်နယ်ကိုးမန်းက ဆိုသည်။ **(ငွေကြယ်)**

အထက်မြန်မာပြည်

# မြင်းခြံခရိုင်အတွင်း စိုက်ပျိုးရေရရှိစေရန် လေးလက်မတွင်း ၂၅၀ တူးဖော်

**မြင်းခြံ ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရ သီးသန့်ရန်ပုံငွေဖြင့် တောင်သူများ စိုက်ပျိုးရေရရှိစေရန် လေးလက်မစက်ရေတွင်းပေါင်း ၂၅၀ ကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

လေးလက်မစက်ရေတွင်းများကို မြင်းခြံမြို့နယ်တွင် တွင်း ၁၀၀၊ တောင်သာမြို့နယ်တွင် တွင်း ၅၀၊ နွားထိုးကြီးမြို့နယ်တွင် တွင်း ၅၀ နှင့် ငါန်းဇွန်မြို့နယ်တွင် တွင်း ၅၀ တို့ တူးဖော်ခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရ သီးသန့်ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၃၈ ဒသမ ၅၂ ဖြင့် မတ် ၁၅ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ နည်းပညာပိုင်းဆိုင်ရာ ကြီးကြပ်ပေးလျက်ရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။



မြင်းခြံခရိုင်အတွင်း၌ ၂၀၁၃-၂၀၁၄၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စက်ရေတွင်းပေါင်း ၂၁၃၅ တွင်းကို တူးဖော်ပေးခဲ့ပြီး ထိုစက်ရေတွင်းများဖြင့် မိုးစပါး၊ ဆောင်းကြက်သွန်နီ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ပဲတီစိမ်း၊ ငှက်ပျော၊ ဗာဂျီးနီးယား စသည့် သီးနှံများကို ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## သီးနှံတွင် ပါတတ်သည့် မှိုအဆိပ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြော

**ကျောက်ထု ဖေဖော်ဝါရီ ၁၇**

ဂန့်ဂေါခရိုင် ဆောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ သီးနှံများတွင် ပါရှိတတ်သည့် မှိုအဆိပ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ဆောမြို့နယ် ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က အမှာစကားပြောကြားပြီး ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်က တောင်သူများ လိုက်နာဆောင်ရွက် ကျင့်သုံးရမည့် နည်းလမ်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဆန်းက လယ်ယာဖွံ့ဖြိုးမှု အခြေခံအခန်းကဏ္ဍ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့် နွယ်က မြေပဲ၊ ငရုတ်နှင့် ပြောင်းသီးနှံများတွင် ကျရောက်တတ်သည့် မှိုအဆိပ်အကြောင်း၊ ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မင်းနိုင်က အရည်အသွေးမီ သီးနှံများအကြောင်းတို့ကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လာကြသည့် ရပ်ကွက် ကျေးရွာများမှ တောင်သူလယ်သမား ၂၀၃ ဦးတို့ထံ စိုက်ပျိုးရေးဌာန ဝန်ထမ်းများက စိုက်ပျိုးရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **(၄၆၅)**

# တောင်မန်းမြောင်းမကြီးပေါ်ရှိရေတံလျှောက်တံတားများပြုပြင်မှု ၈၀ ရာခိုင်နှုန်းခန့်ပြီးစီး

**မင်းဘူး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အိုင်းမဆည်ရေသောက်စနစ် တောင်မန်းမြောင်းမကြီးပေါ်ရှိ မန်းချောင်း ပေါင်းတံတား ရေတံလျှောက်၊ ပင်းတလဲရေတံလျှောက်၊ စကောရေတံလျှောက်၊ စစ္စလီသစ်သားရေတံလျှောက်တို့အား ဒီဇိုင်း ပုံစံသစ်အစားထိုးပြုပြင်ခြင်း လုပ်ငန်းများကို မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ရာခိုင်နှုန်း ၈၀ ခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရေတံလျှောက်ဒီဇိုင်းပုံစံသစ်ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိခဲ့သည့် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်အား ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းခွင်အခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက်က ရှင်းလင်းပြသခဲ့သည်။

"တောင်မန်း ရေသောက်ဧရိယာက တောင်မန်းကွင်းဘက်မှာ ၁၉၇၀ ဝန်းကျင်က ဧက ၇၂၀၀ ကျော်ရှိခဲ့ပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်လောက်ထိ ဆည်ရေသောက်ဧက ၁၂၀၀၀ ကျော် ဖြစ်လာတဲ့အခါ လယ်တွေရေပေးဝေနိုင်မှုက မလောက်မင ဖြစ်သွားတယ်။ ရေတံလျှောက်တွေပေါက်ပြဲမှုကြောင့်၊ ရေတံလျှောက်ထဲကရေတွေ ယိုကျတာကြောင့် ရေပေးဝေမှု မလုံလောက်တာလို့သာ သဘောထားခဲ့ကြရတာ နှစ်အတော်ကြာခဲ့ပါတယ်။

ရေတံလျှောက် သံပြားတွေကို ဖာထေးရုံသာ ပြင်ခဲ့တာကလွဲရင် အကြီးစားပြင်ဆင်မှု မရှိခဲ့ကြဘူး။ တကယ်တော့ ရေတံလျှောက်တွေရဲ့ဒီဇိုင်းကြောင့် ရေစီးဆင်းမှုပမာဏပြဿနာဖြစ်ပါတယ်" ဟု ဝန်ကြီးက ဒီဇိုင်းများပြုပြင်မှုနှင့်စပ်လျဉ်း၍ ဆိုသည်။

ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သိန်းပေါင်း ၄၄၀၀ ခန့် အကုန်အကျခံ၍ ရေတံလျှောက်ရှိ စက်ဝိုင်းခြမ်းပုံစံသံပြားများအစား ထောင့်မှန်စတုဂံပုံစံသို့ ပြောင်းလဲတည်ဆောက်နေမှုလုပ်ငန်းများမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ရေလေလွင့်မှုနှင့် ရေပေးဝေမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့ကာ တောင်သူလယ်သမားများအား ပိုမို၍အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဧယျတု(မကွေး)**

## တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူများလုံခြုံစိတ်ချမှုရှိစေရေး တွေ့ဆုံဆွေးနွေး

**တောင်သာ ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေး၊ မှုခင်းကျဆင်းရေးဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက မြို့မရဲစခန်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် တောင်သာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေ၊ မြို့မစခန်းမှူး ဒုရဲမှူးအေးထွန်းမောင်တို့ ဦးဆောင်ပြီး မူးယစ်ဆေးဝါးနှင့်မှုခင်းကိစ္စများ၊ ယာဉ်စည်းကမ်းမလိုက်နာမှုများ၊ မူးယစ်ရမ်းကားမှုများ၊ ပြည်သူများ အထိတ်တလန့်မဖြစ်စေရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် အဖွဲ့အစည်းပေါင်းစုံမှ ပူးပေါင်းပါဝင်ကာ သတင်းပေးအကြံပြုချက်များရယူနိုင်ရန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း အားနည်းချက် အားသာချက်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## လုပ်ငန်းအဆင်ပြေချောမွေ့စေရေး၊ အရည်အသွေးပြည့်မီရေးဆောင်ရွက်

**အထက်မင်းလှ ဖေဖော်ဝါရီ ၁၇**

သရက်ခရိုင် မင်းလှမြို့နယ်တွင် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟော၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထင်အောင်လင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များသည် တိုင်းဒေသကြီးစည်ပင်သာယာရေး ဖြည့်စွက်ရန်ပုံငွေ ကျပ် ၁၀၇၅၀၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မင်းလှမြို့နှင့် မီးသင်္ဂြိုဟ်စက်သို့သွား မြေနီကျောက် စရစ်လမ်း အရှည် ပေ ၃၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မ အထူရရှိအောင် လမ်းမြေသားပြုပြင်ခြင်း၊ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းအဆင်ပြေချောမွေ့စေရေး၊ အရည်အသွေးပြည့်မီစေရေးအတွက် ကြိုးစားဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



## စစ်ကိုင်းမြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးပြင်ပ၌ ရေဂါလန် ၁၀၀၀၀ ဆံ့ တစ်ကန်၊ ဂါလန် ၈၀၀၀ ဆံ့ တစ်ကန်၊ ဂါလန် ၇၀၀၀ ဆံ့ တစ်ကန်၊ ဈေးအတွင်း၌ ရေဂါလန် ၁၀၀၀ ဆံ့ နှစ်ကန်၊ အပေါ်တင်ရေဂါလန် ၈၀၀ ဆံ့ တစ်ကန်နှင့် ရေဂါလန် ၄၀၀ ဆံ့ နှစ်ကန် ရှိကြောင်း သိရသည်။

ထို့အပြင် မီးချိတ်၊ မီးကပ်၊ သဲများ ထားရှိမှုနှင့် မီးသတ်ဆေးဘူး 3KG ဘူး ၅၀၊ 2KG ဘူး ၂၀၊ 50KG တစ်ဘူး၊ 35KG တစ်ဘူး စုစုပေါင်း ၇၂ ဘူး၊ အပေါ့စားမီးသတ်စက် သုံးလုံးတို့အား စီမံဆောင်ရွက်ထားရှိမှုတို့ကို ဈေးတာဝန်ခံ ဦးဇော်လွင်နှင့် ဈေးအကျိုးတော်ဆောင် ဦးကြည်မြင့်တို့က လိုက်လံပြသရှင်းလင်း ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေးရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာ၊ မြို့မဈေးမှတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးသူအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့သစ်နှင့်မိုးဇာရပ်ကွက်တို့မှ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ခဲ့ကြကြောင်းသိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## မန္တလေးမြို့တွင် နန်းဆန်သောမန်းသင်္ကြန်အတွက် မြန်မာသံစစ်စစ်သင်္ကြန်တေးသီချင်းများရိုက်ကူး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့ ယခုနှစ်သင်္ကြန်တွင် အသွင်တစ်မျိုးဖြင့် မြင်တွေ့ကြရမည်ဖြစ်သည်။ သရုပ်ပျက်သင်္ကြန်မဖြစ်ရေး အလေးပေးကာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ယဉ်ကျေးသိမ်မွေ့စွာ ဖော်ထုတ်ပြသသွားမည့် နန်းဆန်သည့် မန်းသင်္ကြန်အဖြစ် မြင်တွေ့နိုင်အောင် စီစဉ်လျက်ရှိသည်။

မြို့ခံတေးရေး ဆရာများနှင့် ဂီတပညာရှင်များမှာ မြန်မာ့ဟန် မြန်မာ့အတာသင်္ကြန်တေးသီချင်းများ ပျောက်ကွယ်မသွားစေရန်အတွက် မြန်မာ့အတာသင်္ကြန်တေးသီချင်းအသစ်များကို ရေးသားသီဆိုရိုက်ကူးလာခြင်းဖြစ်ကြောင်းသိရသည်။

ယခုနှစ်တွင် မြန်မာ့အတာသင်္ကြန်တေးသီချင်းသစ်များပါဝင်သည့် သင်္ကြန်မလေးရဲ့ နွေကြိုတေး VCD များ ရိုက်ကူးလျက်ရှိသည်။ မန္တလေးမြို့ခံတေးရေးဆရာများ ရေးသားသည့် သင်္ကြန်တေးသီချင်းအသစ်များချည်းပါဝင်ကြောင်းနှင့် မကြာမီဖြန့်ချိတော့မည်ဖြစ်ကြောင်းသိရသည်။

**တိမ်တမန်**

# ပြုပြင်တည်ဆောက်ဆဲကာလဖြစ်၍စိတ်ရှည်သည်းခံ

**လှိုင်ကော် ဖေဖော်ဝါရီ ၁၇**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖားဆောင်းမြို့နယ်သို့ ရောက်ရှိ၍ သံလွင်တံတား(ဖားဆောင်း) မြေထိန်းနံရံ ဆောင်ရွက်နေမှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို လမ်းဦးစီးဌာနနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ မယ်စဲ့မြို့နယ် နမ့်ပိန်းလင်ကျေးရွာသို့ရောက်ရှိပြီး ဓမ္မရက္ခိတဘုန်းတော်ကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ ဩဝါဒခံယူကာ လွယ်မောရှန် စေတီတော်ဘက်စုံမွန်းမံရန် နဝကမ္မ အလှူတော်ငွေ ၂၅ သိန်းအား ပေးအပ်လှူဒါန်းပြီး ကျေးရွာလူထုနှင့်တွေ့ဆုံ၍ ကျေးရွာလူထုမှတင်ပြသည့် ဆက်သွယ်ရေးတာဝါတိုင် တပ်ဆင်ပေးနိုင်ရေး၊ မူကြိုကျောင်းအား အဆင့်သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဆောင်ရွက်ပေးနိုင်ရေးတို့ကို သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်အစိုးရအနေဖြင့် ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော လမ်း၊ မီး၊ ရေ၊ ဆက်သွယ်ရေး စသည်တို့ကို အလေးထား ဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းဆုံကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး အောင်ရွှေပိုင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော လမ်းဆုံ အ-မ-က တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်း၏ အထွေထွေလိုအပ်ချက်အတွက် အလှူငွေကျပ် ငါးသိန်းနှင့် ဂါလန် ၁၀၀၀ ဆံ့ ရေကန်ဆောက်လုပ်ရန်အတွက်ကို ပေးအပ်လှူဒါန်းခဲ့သည်။

အ-မ-က လမ်းဆုံကျောင်း မြေထိန်းနံရံဆောင်ရွက်နိုင်ရေး၊ ကျေးလက် ကျန်းမာရေးဌာနခွဲရရှိရေး၊ ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းကုသနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေး၊ မီးရရှိရေး၊ မိုဘိုင်းဖုန်းဆက်သွယ်ရေးလိုင်းများရရှိရေး၊ အဆောက်အအုံရှိပြီး မူကြိုကျောင်းအား အသိအမှတ်ပြုဆောင်ရွက်နိုင်ရေး၊ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့မြို့နယ်ရှိ ဟိုစဲ့ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လမ်းကောင်းမွန်ရေး၊ ရေရရှိရေး၊ မီးရရှိရေးတို့သည် ဒေသဖွံ့ဖြိုးရေးတို့အတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ထိုသုံးခုပြည့်စုံအောင် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်တွင်အခြေခံပြီး အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ ပြည်နယ်အား အကောင်းဆုံးဆောင်ရွက်လိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ပြုပြင်တည်ဆောက်ဆဲကာလကို စိတ်ရှည်သည်းခံဖို့လိုအပ်ပါကြောင်း ပြောကြားပြီး ဟိုစဲ့မြို့သစ် မြို့တွင်းလမ်းပေါ်ရှိ အရှည်ပေ ၈၀ ကွန်ကရစ်တံတားနှင့် အရှည်ပေ ၆၀ ကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို စစ်ဆေးကြည့်ရှု၍ အရည်အသွေးပြည့်မီစွာ တည်ဆောက်ရေးနှင့် သတ်မှတ်အချိန်မီ ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**





# ဂျာမနီနိုင်ငံသားများပါဝင်သည့်အဖွဲ့ မြန်မာနိုင်ငံအတွင်းလည်ပတ်ရန် မြဝတီ–မဲဆောက် (ဝင်/ထွက်)ဂိတ်မှဝင်ရောက်

**မြဝတီ ဖေဖော်ဝါရီ ၁၇**
မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ် ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဂိတ်များတွင် နိုင်ငံခြားသား လူဝင်၊ လူထွက်နှင့်ပတ်သက်ပြီး လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှ စတင်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဝင်ရောက်လည်ပတ်ခွင့် ပြုခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်က Diethelm Travel Myanmar Tourism Co,Ltd ၏ အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံသားဧည့်သည် Mr. Helge Hugo Lehmann ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင် မော်တော်ယာဉ်လေးစီးဖြင့် မြဝတီ-မဲဆောက် ဝင်ထွက်ဂိတ်မှ ဝင်ရောက်ပြီး မြဝတီမှ ဘားအံ၊ တောင်ငူ၊ အင်းလေး၊ ပင်းတယ၊ မန္တလေး၊ ပုဂံ၊ ပုပ္ပား၊ မကွေး၊ ပြည်၊ ငပလီ ခရီးစဉ်များသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်းလည်း သိရသည်။

"အခုလည်ပတ်တဲ့အဖွဲ့ဟာ ဖေဖော်ဝါရီ ၂၈ မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နှစ် ဦး ဂျာမနီကိုပြန်မယ်။ မတ် ၂ ရက်မှာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကပဲ တရုတ်ကို တစ်ဦး၊ ဂျာမနီကို ငါးဦး ပြန်ထွက်မှာပါ။ ပြီးတော့ မြဝတီမြို့ဝင်ထွက်ဂိတ်မှ တစ်ဦး ပြန်ထွက်ခွာမှာပါ" ဟု ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဦးငြိမ်းမိုးက ပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# စက်ရုံအလုပ်ရုံများ၏ စွန့်ပစ်ရေဆိုးမှ စွမ်းအင်ထုတ်လုပ်၍ဝင်ငွေရရှိရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် World Wide Fund For Nature (WWF)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်ငန်းများ၏ စွန့်ပစ်ရေဆိုးများမှ စွမ်းအင်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ရေဆိုးသန့်စင်ခြင်း၊ သဘာဝရေကို စနစ်တကျ သုံးစွဲခြင်းနှင့် စွမ်းအင်ချွေတာသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်မြို့ UMFCCI ခမ်းမ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့အသင်းအနေနဲ့ အဓိကတာဝန်ယူရတာကတော့ Food Safety အန္တရာယ်ကင်းတဲ့ စားသောက်ကုန်တွေ ထုတ်လုပ်ဖို့ပါပဲ။ ဒါပေမယ့် တစ်ဖက်မှာ ဒီလိုအရည်အသွေးမီပြီး အန္တရာယ်ကင်းတဲ့ စားသောက်ကုန်တွေ ထုတ်လုပ်ဖို့အတွက်က ပတ်ဝန်းကျင်ကို အနည်းနဲ့အများ ထိခိုက်စေပါတယ်။ အဲဒီလိုမထိခိုက်ဖို့အတွက် ကျွန်တော်တို့မှာ နည်းပညာတွေ မရှိသေးဘူး။ တစ်ဖက်မှာ အရေးကြီးတဲ့ အန္တရာယ်ကင်းတဲ့ အစားအသောက်တွေ ထုတ်လုပ်နိုင်သလို တစ်ဖက်မှာလည်း ဘေးပတ်ဝန်းကျင်ကို မထိခိုက်ဖို့ အရေးကြီးတယ်။ ဒီအတွက် ရင်းနှီးမြှုပ်နှံမှုတွေရှိတယ်။ Operating Cost ဆိုတဲ့ ကုန်ထုတ်လုပ်မှုစရိတ်တွေလည်းရှိတဲ့အခါ လူတွေကသိပ်မလုပ်ချင်ကြဘူး။ ရေရှည်ကျ ပတ်ဝန်းကျင်နစ်နာတာပေါ့။ ဒါတွေကို ကြိုတင်ကြည့်ရှုပြီး မကာကွယ်ဘူးဆိုရင် နောင်တစ်ချိန်မှာ အားလုံး ဒုက္ခရောက်ကြရမှာပေါ့။ အခုတရုတ်ပြည်မှာ ဖြစ်သလို ရုတ်တရက်ကြီး စက်မှုလက်မှုတွေ ထုတ်လုပ်မှုတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ Ready မဖြစ်တဲ့အခါမှာ အရမ်းကိုဆိုးနေပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ အခုနိုင်ငံတကာအဖွဲ့အစည်းတွေက ကြိုတင်ကာကွယ်ဖို့အတွက် လုပ်ဆောင်မှုတွေ၊ ရေကိုစနစ်တကျ သုံးစွဲဖို့တွေ၊ စွမ်းအင်လောင်စာကိုချွေတာသုံးစွဲဖို့တွေ လုပ်နေကြပါပြီ။ Wasteuae Bio Gas လုပ်မယ် Bio Gas ကနေ လျှပ်စစ်စွမ်းအင်ထုတ်မယ်ဆိုရင် လျှပ်စစ်ကိုရောင်းစားလို့ရမယ်။ နောက်ပြီး ပတ်ဝန်းကျင်က ညစ်ပတ်နေတဲ့ ရေတွေကို ယူပြီးတော့ အခကြေးငွေနဲ့လုပ်မယ်ဆိုရင် ဝင်ငွေတစ်ခုရမယ်။ အဲတော့ ဒီလုပ်ငန်းက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သွားတယ်။ ဒါ့ကြောင့် အဲဒီလုပ်ငန်းတွေလုပ်ဖို့ဆိုပြီး MoU ထိုးဖြစ်တာပါ" ဟု မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဒု-ဥက္ကဋ္ဌ ဦးစိန်သောင်းဦးက ပြောကြားသည်။

ယင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် WWF မှ Waste Management, Water Management, Energy Management စသည့် မှန်ကန်သည့်ပညာရှင်များဖြင့် ကူညီပံ့ပိုးပေးမည်ဖြစ်ပြီး အရက်ချက်စက်ရုံ၊ ငါးလုပ်ငန်းစက်ရုံ၊ နို့ချက်စက်ရုံ၊ ရော်ဘာစက်ရုံ၊ ဆန်ပေါင်းစက်ရုံ အစရှိသည့် စက်ရုံစုစုပေါင်း ကိုးရုံမှ စွန့်ပစ်ရေဆိုးများကို စုဆောင်း၍ မည်သို့ပြုလုပ်ရမည်ကို လက်တွေ့ပြသမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် မေလတွင် ပထမဆုံးအကြိမ် စင်ကာပူမှ Bio Gas Energy Consultant teamu သင်တန်းများပေးသည့် အပြင် စက်ရုံများနှင့် ကျောင်းများမှ သုံးယောက် တရုတ်ပြည်တွင် သွားရောက်သင်တန်းတက်ခဲ့သည်။

လက်ရှိတွင် ရွှေပြည်သာစက်မှုဇုန်၌ စက်ရုံ ၄၀ ခန့်ရှိပြီး ပြီးခဲ့သည့် အခေါက်တွင် အယောက် ၃၀ တက်ရောက်ခဲ့သည်။ ယခုတစ်ခေါက်တွင် ၄၅ ယောက် တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကလည်း လိုအပ်သည်များ ကူညီပေးခြင်း၊ မှန်မှန်ကန်ကန် ဖြန့်ဝေပေးရန် အစည်းအဝေးပွဲများပြုလုပ်၍ စက်ရုံလုပ်ငန်းရှင်များအပြင် ပြည်သူနှင့် နိုင်ငံတော်ကပါသိရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးမို့**

# ရပ်ကွက်လုံးကျွတ်သန့်ရှင်းရေး နောက်ဖေးလမ်းကြား အမှိုက်များရှင်းလင်း

**ဗဟန်း ဖေဖော်ဝါရီ ၁၇**
ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဆရာစံ (မြောက်၊ အရှေ့) ရပ်ကွက်အား ရပ်ကွက်လုံးကျွတ် သန့်ရှင်းသပ်ရပ်စေရေးအတွက် သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အနောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဗဟန်းမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးနှင့် တွဲဖက်ဌာနများဖြစ်သည့် ရေ/သန့်ဌာန၊ ယာ/အုံဌာန၊ သန့်ရှင်းရေးဌာနတို့နှင့်ပူးပေါင်းကာ ဖေဖော်ဝါရီ ၁၅ ရက်က ဦးချစ်မောင်လမ်းနှင့် သုမနလမ်းကြား (ဗဟိုလမ်းနှင့် မှန်ရဝေလမ်း) ထိ နောက်ဖေးလမ်းကြားများရှိ အမှိုက်များရှင်းလင်းပေးခြင်း၊ နောက်ဖေးလမ်းကြား ရေနုတ်မြောင်းများ ဆယ်ယူပေးခြင်း၊ နောက်ဖေးလမ်းကြား မိလ္လာပိုက်နှင့် မိလ္လာကန်များစစ်ဆေးကာ ပြုပြင်ဆောင်ရွက်စေခြင်း၊ နေအိမ်တိုက်ခန်းများ၌ တွယ်ကပ်သစ်ပင်များရှင်းလင်းစေခြင်း၊ အထပ်မြင့်တိုက်များ၏ အရေး ပေါ်လှေကားများ ပြုပြင်စေခြင်း စသည်တို့အား သက်ဆိုင်ရာဌာနအသီးသီးနှင့် မြို့နယ်၊ ရပ်ကွက်အာဏာပိုင် အဖွဲ့အစည်းတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဗဟန်းမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသိန်း ဇော်ထံမှ သိရသည်။

"ကျွန်တော်တို့ရပ်ကွက် လမ်းတွေက ကျဉ်းမြောင်းပါတယ်။ နောက်ဖေးလမ်းကြားရှင်းလင်းဖို့ဆိုတာ မလွယ်ကူပါဘူး။ ဌာနဆိုင်ရာအသီးသီးက ဝိုင်းဝန်းကူညီလို့ အဆင်ပြေတာပါ။ နောက်ဖေးလမ်းကြားဆိုတာက ရပ်ကွက်နေမိဘပြည်သူတွေအတွက် အရေးပေါ်အခြေအနေများမှာ အလွန်အထောက်အကူပြုပါတယ်။ မီးရေးထင်းရေးအတွက်နောက်ဖေးလမ်းကြားတွေမှာ ကျူးကျော်ဆောက်လုပ် ထားတာတွေလဲရှိတော့ အမြန်ဆုံးဖျက်သိမ်းပေးဖို့ မေတ္တာရပ်ခံဆောင်ရွက်ရပါတယ်" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်တင်နှင့် ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးအောင်မျိုးဝင်း(ခ)ဦးဆံရှည်တို့က ပြောသည်။



ဆရာစံ (မြောက်၊ အရှေ့) ရပ်ကွက် တွင် နောက်ဖေးလမ်းကြား ၁၆ ခုရှိရာ စတင်ဆောင်ရွက်သည့် ဖေဖော်ဝါရီ ၁၁ ရက်မှ ယနေ့ထိ နောက်ဖေးလမ်းကြားခြောက်ခု ပြီးစီးလျက်ရှိကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူးဦးချို ထွန်းအောင်၊ ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်၊ ခရိုင်မှူး ဦးအောင်ထိုက်၊ စီမံရေးရာဌာနမှ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးထိန်စိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က နေ့စဉ် ကွင်းဆင်းစစ်ဆေးကြည့်ရှု၍ မိဘပြည်သူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြသည်။

**ဖုဇ္ဇ**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်းဖွင့်ပွဲကျင်းပ

**သန်လျင် ဖေဖော်ဝါရီ ၁၇**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၃/ ၂၀၁၇)ဖွင့်ပွဲကို ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးမြင့်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး၊ တောင်ပိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (ဦးစီး) ဒုရဲမှူး တင်အေး၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်နိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**၆၈၉**

# ပုံမှန်ဝင်ငွေဖော်ဆောင်ပေးနေသော မြန်မာ့ရိုးရာ ရွှေထီးလုပ်ငန်း

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့တွင် မြန်မာ့ရိုးရာ ပန်းဆယ်မျိုးနှင့်အတူ အခြားလက်မှုလုပ်ငန်းများကို တွင်ကျယ်စွာ ပြုလုပ်ပြီး ဒေသအနှံ့ ဖြန့်ချိပေးလျက်ရှိသည်။ မြန်မာ့ရိုးရာ ရွှေထီးလုပ်ငန်းလုပ်ကိုင်သူများမှာလည်း တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရရှိလျက်ရှိသည်။ ရွှေထီးလုပ်ငန်းလုပ်ကိုင်သူများမှာ ကိုယ်ပိုင်လက်မှုလုပ်ငန်းများဖြစ်ပြီး ဝါးဖြင့်ပြုလုပ်သော လုပ်ငန်းပင်ဖြစ်သည်။



မြန်မာ့ရိုးရာ ရွှေထီးပြုလုပ်ရန်အတွက် တင်းဝါးများကို အသုံးပြုရသည်။ ထီးပြုလုပ်ရန်အတွက် တင်းဝါးကို လိုအပ်သည့်ပေအတိုင်းအတာများရအောင် ဖြတ်ပေးရသည်။ အများစုမှာ ထီးအရွယ်အစားအလိုက် ၁၄ လက်မ၊ ၁၅ လက်မ၊ ၁၆ လက်မမှ ၁၈ လက်မအထိ တိုင်းတာကာ ဖြတ်ကြရသည်။ ဝါးကိုဖြတ်ပြီးသည်နှင့် ဓားဖြင့်ခြမ်းကာ ထီးအလက်နှင့် ဒေါက်စိပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြရသည်။ ထီးအလက်နှင့် ဒေါက်များရရှိသည်နှင့် အပေါ်မှ ဝါးကြောများကို ဖယ်ထုတ်ပစ်ကြရသည်။ ဝါးကြောပါဝင်နေပါက ကော်မစွဲသည့်အတွက် ဝါးကြောဖယ်ထုတ်ရခြင်းပင်ဖြစ်သည်။

ထိုအလက်နှင့်ဒေါက်များကို သရော်သား၊ လက်ပံသားဖြင့်ပြုလုပ်ထားသည့် ထီးခေါင်းနှင့် အောက်ခံအချာတွင် ဒေါက်ပေါက် အလက်ပေါက်များ ဖောက်ကာ ချိတ်ဆက်ပေးကြရသည်။ အများစုမှာ ၃၆ လက် ၃၆ ပေါက်ပါရှိသည်။ ဒေါက်များ အလက်များတပ်ဆင်ပြီးပါက အပ်ချည်ကြိုးဖြင့်သီကြရသည်။ အပ်ချည်ဖြင့် သီဖွဲ့ရာတွင် ငါးချောင်းခြားကာ နှစ်ချောင်းပူးအနေအထားဖြင့် သီဖွဲ့ကာ ရက်လုပ်ကြရသည်။ ဒေါင်းအထိုင်နှင့် အချာများကိုလည်း ကြိုးများဖြင့် ရစ်ပတ်ကာ ရက်လုပ်ကြရသည်။ မြန်မာ့ရိုးရာ ရွှေထီးပြုလုပ်ရာတွင် အကြမ်းထည်ပြုလုပ်ခြင်းနှင့် အနက်ထည်ပြုလုပ်ခြင်းဆိုသော လုပ်ငန်းပိုင်းနှစ်ပိုင်း ပြုလုပ်ရသည်။ လက်ရှိကာလတွင် မြန်မာ့ရိုးရာရွှေထီးအကြမ်းထည်လုပ်ကိုင်သူတစ်ဦး တစ်နေ့လျှင် ထီးအလက် ၂၀ ကျော်ပြီးသည်။ အကြမ်းထည် ရွှေထီးတစ်လက်လျှင် ငွေကျပ်ရှစ်ရာနှုန်းဖြင့် ဖောက်သည်ပေးကြရသည်။ အကြမ်းထည်သမားများမှ အနက်ထည်နှင့် ရွှေထီးများပြုလုပ်ကာ ရွှေချပြီး ပြန်လည်ရောင်းချရသည်။ လက်ရှိကာလ မန္တလေးမြို့တွင် မြန်မာ့ရိုးရာရွှေထီး အကြမ်းထည်ပြုလုပ်သူများ တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## မန္တလေးကုန်စည်ပြပွဲတွင် ပြခန်း ၆၀ ကျော်ဖွင့်လှစ် ကုမ္ပဏီများမှ အထူးနှုန်းဖြင့် မိတ်ဆက်ရောင်းချ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးအဆင့်မြင့်ကုန်စည်ပြပွဲ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ ကုန်စည်ပြပွဲမုခ်ဦးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် ပြပွဲကျင်းပရေး စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကုန်စည်ပြပွဲခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးအဆင့်မြင့်ကုန်စည်ပြပွဲ ၂၀၁၇ တွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိန္ဒိယနိုင်ငံမှတင်သွင်းလာသော မော်တော်ဆိုင်ကယ်အမျိုးမျိုး၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယားနိုင်ငံများမှတင်သွင်းသော ယာဉ်အပိုပစ္စည်းများ၊ စက်ဆီ၊ ချောဆီများ၊ ဘက်ထရီအိုးများ၊ အမျိုးသား၊ အမျိုးသမီးဝတ် အဝတ်အထည်များအပါအဝင် ပြခန်းပေါင်း ၆၀ ကျော် ခင်းကျင်းပြသထားပြီး ကုမ္ပဏီများမှ ထုတ်ကုန်များအား မိတ်ဆက်ပြသ၍ အထူးနှုန်းဖြင့် ရောင်းချပေးရာ လာရောက်ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ မန္တလေးအဆင့်မြင့်ကုန်စည်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြသရောင်းချသွားမည်ဖြစ်ပြီး ကျပ် ၅၀၀၀ ဖိုးနှင့်အထက်ဝယ်ယူသူများကိုလည်း လူသုံးကုန်များ၊ ရွှေဆွဲပြားများ၊ ကံစမ်းမဲများ ဖွင့်လှစ်ပြီး ဆုပစ္စည်းများပေးအပ်သည်။ အိပ်မက်ဆုံရာ ပထမဆုရှင်များ၏ ဖျော်ဖြေမှုများ၊ Dancer အဖွဲ့များ၏ တင်ဆက်မှုများလည်း ပါဝင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးသန်းဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးနှင့် (IDEA) အဖွဲ့မှ အဖွဲ့ဝင်များက သင်တန်းပို့ချပြီး တစ်ကြိမ်လျှင် နှစ်ရက်ဖြင့် သုံးကြိမ်ခွဲ၍ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၆၅ အုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၁၂၈ ဦး တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**

## HIV ပိုးရှိ ရှင်သန်သူများတွေ့ဆုံ၊ အစုအဖွဲ့လိုက် ပါဝင်ဆွေးနွေး



**မန္တလေး ဖေဖော်ဝါရီ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်ရုံးနှင့် World Vision, PSI, MSI အဖွဲ့များ ပူးပေါင်းကျင်းပသော HIV ပိုးရှိ ရှင်သန်သူများတွေ့ဆုံပွဲ PLHIV Forum ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ လမ်း ၆၀ နှင့် ၆၁ လမ်းရှိ စိန်ဂွန်းဘုရားရှိခိုး ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါက်တာယုယုမေနှင့် အမှုဆောင်များ တက်ရောက်အားပေး ပါဝင်ဆွေးနွေးပြီး ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဖျော်ဖြေကြသော ကလေးငယ်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။PLHIVForum ဆွေးနွေးပွဲတွင် မန္တလေးခုနစ်မြို့နယ်နှင့် စစ်ကိုင်း၊ ပြင်ဦးလွင်၊ မိတ္ထီလာခရိုင်အတွင်းရှိ HIV ပိုးရှိရှင်သန်သူများက ပါဝင်ဆွေးနွေးခဲ့သည်။

HIV ပိုးရှိ ရှင်သန်နေသူများ၏ အခက်အခဲများ၊ ရောဂါတိုက်ဖျက်ရေး၊ ကာကွယ်ရေးလုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးကြခြင်းဖြစ်ကြောင်း ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာသန်းဝင်းက ပြောသည်။ အဆိုပါဆွေးနွေးပွဲသို့ World Vision,UNICEF,Care (Myanmar),UNION တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ**

# ဆန်ကော၊ ဆန်ခါ လက်မှုထုတ်ကုန်ပစ္စည်းရက်လုပ်ခြင်းဖြင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိ

**ပုလဲ ဖေဖော်ဝါရီ ၁၇**

မြန်မာတို့၏ လူမှုဘဝနယ်ပယ်တွင် ဝါးသည် အရေးပါသော ပစ္စည်းတစ်မျိုးဖြစ်သည်။ ဝါးဖြင့် တောင်သူသုံးပစ္စည်းနှင့် မီးဖိုချောင်သုံးပစ္စည်းများစွာကိုလည်း စီးပွားဖြစ် ပြုလုပ်ရောင်းချလျက်ရှိသည်။ ဝါးဖြင့်ပြုလုပ်သော ပစ္စည်းမျိုးစုံရှိသည့်အနက် သိုက်ဝါးနှင့် ဝါးနှီးဖြင့်ရက်လုပ်သော ပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့် လုပ်ငန်းသည်လည်း ရိုးရာလက်မှုပညာရပ်တစ်ခုဖြစ်ရုံသာမက မိသားစုဝင်ငွေကိုလည်းတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရွာသာ(ညိုတုံ)ကျေးရွာအုပ်စု ရွာသာကျေးရွာနှင့် လိန်ကုန်းကျေးရွာသည် ရှေးယခင်မှ ယနေ့အချိန်အထိ လက်မှုထုတ်ကုန်ပစ္စည်း ဆန်ကော၊ ဆန်ခါ ရက်လုပ်ခြင်းလုပ်ငန်းကို တောင်သူလုပ်ငန်းဖြင့် တွဲဖက်၍ စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများအနေဖြင့်လည်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

ဆန်ကောရက်လုပ်ငန်းခြင်းလုပ်ငန်းတွင် ဝါးလုံးအဆစ်ဖြတ်တောက်ခြင်း၊ ဝါးအဆစ်ကို ဝါးခြမ်းအချောင်းငယ်များ ခွဲစိတ်ခြင်း၊ ဝါးခြမ်းစိတ်ငယ်မှ နှီးလွှာခြင်း၊ နှီးပြားများကို အချောသတ်ခြင်း၊ အချောသတ်ပြီး နှီးများကို ဆန်ကောပြင်အဖြစ်ရက်လုပ်ခြင်း၊ ရက်လုပ်ပြီး ဆန်ကောပြင်ကို နှီးသားသိပ်သည်းရန် ဒေါက်ရိုက်ခြင်း၊ ဒေါက်ရိုက်ပြီး ဆန်ကောပြင်ကို ဆန်ကောအရွယ်အစားမီ စက်လှည့်ပြီးဖြတ်တောက်ခြင်း၊ စက်ဖြတ်ပြီး ဆန်ကောပြင်ကို လက်မကွင်းဖြင့် ပတ်ခွေ၍ ဆန်ကောပြင်နင်းခြင်း၊ နင်းပြီးလျှင် ကြိမ်တင်ခြင်း၊ ကြိမ်တင်ပြီးလျှင် ကြိမ်လျှော်ဖြင့် ဆန်ကောပေါင်ကွပ်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ပြီးပါက ရောင်းတန်းဝင် ဆန်ကောအချောတစ်ချပ်ကို ရရှိမည်ဖြစ်သည်။

ဆန်ခါရက်လုပ်ငန်းခြင်းလုပ်ငန်းတွင် ဝါးလုံးအဆစ် ဖြတ်တောက်ခြင်း၊ ဝါးအဆစ်ကို ဝါးခြမ်းအချောင်းငယ်များ ခွဲစိတ်ခြင်း၊ ဝါးခြမ်းစိတ်ငယ်မှ နှီးလွှာခြင်း၊ နှီးပြားများကို အချောသတ်ခြင်း၊ အချောသတ်ပြီးနှီးများကို ဆန်ခါပြင်အဖြစ် ရက်လုပ်ခြင်း၊ ရက်လုပ်ပြီး ဆန်ခါပြင်ကို ဘေးနှီးဖြည့်ခြင်း၊ ဘေးနှီးကို ဒေါက်ရိုက်ပြီး ဆန်ခါပြင်ကို ဆန်ခါအရွယ်အစားမီ စက်လှည့်ပြီး ဖြတ်တောက်ခြင်း၊ စက်ဖြတ်ပြီး ဆန်ခါပြင်ကို လက်မကွင်းဖြင့် ပတ်ခွေကာ ဆန်ခါပြင်နင်းခြင်း၊ နင်းပြီးလျှင် ကြိမ်တင်ခြင်း၊ ကြိမ်တင်ပြီးလျှင် ကြိမ်လျှော်ဖြင့် ဆန်ခါပေါင်ကွပ်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ပြီးပါက ရောင်းတန်းဝင် ဆန်ခါအချောတစ်ချပ်ကို ရရှိမည်ဖြစ်သည်။

ဆန်ကော၊ ဆန်ခါရက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းဖြစ်သည့် သိုက်ဝါးနှင့် မျှင်ဝါးကို ပုလဲမြို့နယ် ပုံတောင်ဒေသမှ ရရှိသည်။ ဝါးလုံး ၁၀၀ အတွက် ငွေကျပ် ၁၂၀၀၀၀ ကုန်ကျသည်။ လက်မခွေနှင့် ပေါင်ကွပ်ရာတွင် အသုံးပြုသည့် ကြိမ်ကို အထက်ချင်းတွင်းမှ ထွက်ရှိပြီး အလုံမြို့မြစ်ဆိပ်ရှိ ကြိမ်ပွဲရုံမှ ရရှိသည်။ ကြိမ်လုံး ၇၅၀ အတွက် ငွေကျပ် ၇၅၀၀၀ ကုန်ကျပါသည်။ အခြေခံကုန်ကြမ်းပစ္စည်းဖြစ်သည့် ဝါးလုံး ၁၀၀ နှင့် ကြိမ်လုံး ၇၅၀ မှ ဆန်ကော (သို့မဟုတ်) ဆန်ခါချပ်ရေ ၅၀၀ ချပ် ရရှိပါသည်။ ဆန်ကော (သို့မဟုတ်) ဆန်ခါ တစ်ချပ်တန်ဖိုးမှာ ငွေကျပ် ၁၅၀၀ ဖြစ်၍ ချပ်ရေ ၅၀၀ အတွက် ငွေကျပ် ၇၅၀၀၀၀ ရရှိမည်ဖြစ်ပါသည်။ ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဝါးလုံး ၁၀၀ နှင့် ကြိမ်လုံး ၇၅၀ ၏ တန်ဖိုးကျပ် ၁၉၅၀၀၀ ကို ဆန်ကောရောင်းချရငွေ ၇၅၀၀၀၀ မှနုတ်လျှင် အသားတင်အမြတ်ငွေကျပ် ၅၅၅၀၀၀ ကျန်ရှိမည်ဖြစ်သည်။ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ နှစ်ဦးနှုန်းသည် မိမိတို့အိမ်မှာပင် ဆန်ကော၊ ဆန်ခါ ရက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ တစ်ရက်လျှင် ဆန်ကော(သို့မဟုတ်)ဆန်ခါ ရှစ်ချပ်နှုန်းပြီးစီးရာ တစ်လလျှင် ၂၄၀ ချပ်ပြီးစီးပါသည်။ ဆန်ကော (သို့မဟုတ် ) ဆန်ခါ ၂၄၀ ချပ်သည် တစ်ချပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ငွေကျပ် ၃၆၀၀၀၀ ရရှိရာ ဆန်ကော (သို့မဟုတ် ) ဆန်ခါရက်လုပ်ခြင်းလုပ်ငန်း ကုန်ကျစရိတ်သည် တစ်ချပ်လျှင် ငွေကျပ် ၇၂၅ ကုန်ကျရာ ဆန်ကော (သို့မဟုတ်) ဆန်ခါ ၂၄၀ ချပ်အတွက် ငွေကျပ် ၁၇၄၀၀၀ ကုန်ကျမည်ဖြစ်သောကြောင့် အိမ်ထောင်စုတစ်စုသည် အသားတင်အမြတ်ငွေကျပ် ၁၈၆၀၀၀ ရရှိမည်ဖြစ်သည်။

ပုလဲမြို့နယ် ရွာသာ(ညိုတုံ)ကျေးရွာအုပ်စု ရွာသာကျေးရွာနှင့် လိန်ကုန်းကျေးရွာနေပြည်သူများသည် ရှေးယခင်မှ ယနေ့အချိန်အထိ လက်မှုထုတ်ကုန်ပစ္စည်း ဆန်ကော၊ ဆန်ခါ ရက်လုပ်ခြင်းလုပ်ငန်းကို တောင်သူလုပ်ငန်းဖြင့် တွဲဖက်၍ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိရာ လက်မှုထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဆန်ကောနှင့် ဆန်ခါများကို ကုန်တင်ကားကြီးများဖြင့် တင်ဆောင်၍ မကွေးမြို့ မြသလွန်ဘုရားပွဲ၊ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားပွဲ၊ ရွှေဘိုမြို့ မြို့ဒေါင့်စေတီဘုရားပွဲ၊ တန့်ဆည်မြို့ လမ်းဆုံဘုရားပွဲ၊ ဘုတလင်မြို့ ကြောင်ပန်းဘုရားပွဲ၊ ချောင်းဦးမြို့ဘုရားပွဲ၊ ကျောက္ကာဘုရားပွဲတော်၊ ယင်းမာပင်မြို့ ပြန်လှည့်နတ်ပွဲ၊ အလုံဘိုးဘိုးကြီးနတ်ပွဲ၊ အမေရေယာဉ်နတ်ပွဲ၊ ရေစကြို ဆင်ကြိုးနတ်ပွဲ၊ မြိုင်မြို့ မြို့သာဘကြီးနတ်ပွဲ၊ မြိုင်ဘုရားပွဲ၊ ဆင်စိန်နတ်ပွဲ၊ မအူဘုရားပွဲ (မုံရွာ)၊ ဖျာသီးဘုရားပွဲ (မြိုင်)၊ မင်းကင်းဘုရားပွဲ၊ နတ်ကြီးနတ်ပွဲ(ကနီ)၊ နှောနတ်ပွဲ(စိုင်ပြင်ကြီး)၊ ကောင်းမှုတော်ဘုရားပွဲ (စစ်ကိုင်း)၊ တောင်တော်ကြိုနတ်ပွဲ (ဆားလင်းကြီး)၊ ဂေါတမဘုရားပွဲ(ပခုက္ကူ)၊ ပခန်းကြီးပွဲ (ရေစကြို)နှင့် ပုဂံညောင်ဦးဘုရားပွဲတော်များသို့ လှည့်လည်ရောင်းချလျက်ရှိပြီး မကွေး၊ အောင်လံ၊ ပခုက္ကူ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်၊ လာရှိုး၊ မူဆယ်၊ ဂန့်ဂေါ၊ ကလေးနှင့် မြစ်ကြီးနားမြို့ကြီးများသို့ ပို့ဆောင်ရောင်းချလျက်ရှိရာ တစ်နေ့တခြား ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပဲနုတ်တောင်သူများ လုပ်ငန်းရပ်နား



**ရေတာရှည် ဖေဖော်ဝါရီ ၁၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အနှံ့အပြား၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက မိုးရွာသွန်းခဲ့ရာ လက်ရှိ ပဲနုတ်သိမ်းလျက်ရှိသော တောင်သူများအနေဖြင့် လုပ်ငန်းများရပ်နားထားနေရကြောင်း သိရသည်။

ယခင်ကတည်းက မိုးများအုံ့ဆိုင်းနေပြီး ပဲနုတ်သိမ်းသည့်အလုပ်သမားများ လုပ်ငန်းခွင်ဝင်နေချိန် မိုးများရွာသွန်းခဲ့၍ ပဲဆက်လက်နုတ်သိမ်းနိုင်ခြင်းမရှိကြောင်း ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာမှ တောင်သူများက ပြောသည်။

မတ်ပဲ၊ ပဲတီစိမ်း အစရှိသည့်ပဲမျိုးများမှာ မိုးရေထိလျှင် အရောင်ပျက်ယွင်းတတ်သည့်အတွက် ဈေးကွက်သို့တင်ပို့ရောင်းချရာတွင် ဈေးနှိမ်ခံရမည့်အတွက်လည်း တောင်သူများအနေဖြင့် စိုးရိမ်နေကြသည်ဟုဆိုသည်။

ယခုနှစ်တွင် ပဲစိုက်တောင်သူများအနေဖြင့် ဖျက်ပိုးများကျရောက်ခြင်းကြောင့် သွင်းအားစုဖြစ်သော ပိုးသတ်ဆေး၊ အပင်၊ အသီးအားဆေး၊ ရွက်ဖျန်းမြေဩဇာ အစရှိသည့် ဆေးဝါးများအား တစ်ဧကလျှင် ကျပ်နှစ်သိန်းနီးပါး ကုန်ကျမှုများရှိနေပြီး အထွက်နှုန်းကျဆင်းလျက်ရှိ၍ အကျိုးအမြတ်နည်းပါးနိုင်ကြောင်း ခန့်မှန်းတွက်ဆမှုများလည်းရှိနေသည်။

ကိုလွင်(ဆွာ)

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းများပို့ချ

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၇**
၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင်ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဒုဗိုလ်မှူးကြီး(ငြိမ်း) ဦးအုန်းမြင့်က အမှာစကားပြောကြားခဲ့ပြီး ကျောက်တံခါးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဘီသိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းအားဆက်လက်ပို့ချရာ ကျောက်တံခါးမြို့နယ် ရပ်ကွက်/ကျေးရွာ ၂၀ အုပ်စုမှ သင်တန်းသား ၄၂ ဦးအား သင်တန်းနည်းပြ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းဦးနှင့် ဦးမောင်အေးတို့က နှစ်ရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၄၂ အုပ်စုမှ သင်တန်းသား ၈၄ ဦးအား ဒုတိယအသုတ်၊ တတိယအသုတ်လိုက်ခွဲ၍ ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ခင်ကို(ကျောက်တံခါး)

## ကျေးလက်ဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာတွင် စက်ရေတွင်းတူးဖော်

**ချောင်းဦး ဖေဖော်ဝါရီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ခြောက်လက်မစက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်အပူပိုင်းဇုန်တိုင်း(၃) တိုင်းဒေသကြီးအတွင်း၌ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းများ တူးဖော်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) နှင့် BAJ မှ စက်ရေတွင်းတူးစက်များ အသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နတ်ရေကန်ကျေးရွာအတွက် ခြောက်လက်မစက်ရေတွင်းကို ဖေဖော်ဝါရီ ၇ ရက်က စတင်တူးဖော်ရာ ယခုရေတွင်း အနက်ပေ ၇၀၅ ပေ တူးဖော်ပြီးစီးနေပြီး Logging တိုင်းတာခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက ပြောသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ပြီး ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယုယု(ချောင်းဦး)



&xm;&wyfûUrSf13wyfrS'kwd&rSyDmjribef\ vrf ñTefMum;&wyfk(1)&eful;rSwyfkS'kt jt mibl&D;aqmif aomwyfûUf m;onfazaxmf0&D8&uf&Huf&eful;kbw;uD trSwf(6?7)puü &xm;pD;&Donf m;tm;ynmay;vufurf pmapmif m;jzef0ay;cJhum;ifoôonf owif;Eifhwyfkaum;fjeJ

## စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချမှုမရှိစေရေး ပညာပေးဆောင်ရွက်

**ဗန်းမောက် ဖေဖော်ဝါရီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြို့မစည်ပင်သာယာရေးဈေးအတွင်း ဈေးဆိုင်များ၌ ပြည်သူများ စားသုံးရန်မသင့်သည့် စားသောက်ကုန်ပစ္စည်းများမရှိစေရေးအတွက် ခရိုင်စားသုံးသူကာကွယ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုအရ မြို့နယ်စားသုံးသူ ကာကွယ်ရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များသည် ဖေဖော်ဝါရီ ၁၄ ရက်က လိုက်လံဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ စစ်ဆေးခဲ့ရာ စားသုံးရန်မသင့်သည့် တရုတ်ခေါက်ဆွဲခြောက်ထုပ် ၁၀၀၊ တန်ဖိုးငွေကျပ် ၂၀၀၀၀ ကို ဈေးဆိုင်လေးဆိုင်မှ ဖမ်းမိပြီးနောက် ဈေးဆိုင်ပိုင်ရှင်များအား ပြည်သူများ စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ပြီး ဖမ်းမိသော တရုတ်ခေါက်ဆွဲထုပ် ၁၀၀ အား စားသုံးရန် မသင့်သောကုန်ပစ္စည်းအမျိုးစားတွင် ပါဝင်သောကြောင့် မီးရှို့ဖျက်စီးခဲ့သည်။

၎င်းစစ်ဆေးရာသို့ မြို့နယ်စားသုံးကာကွယ်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းဇော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိ ဒေါ်ကျော့ယဉ်ဝင်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေး/ကုဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးခြင်းနှင့်ပတ်သက်၍ မြို့ခံတစ်ဦးက စားသုံးရန်မသင့်သည့် အစားအသောက်များအား ပြည်သူများသိရှိအောင် လက်ကမ်းစာရွက်စာတမ်းများဖြန့်ဝေခြင်း၊ မြင်သာသောနေရာများတွင် ကပ်ပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

ကျော်စွာ(ဗန်းမောက်)



## ပြည်သူ့စာကြည့်တိုက် စီမံခန့်ခွဲရေးဘာသာရပ်ပို့ချ

**ယင်းမာပင် ဖေဖော်ဝါရီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ လူမှုအခြေပြုဗဟိုဌာန (Community Center) အဆင့်မြှင့်တင်ခြင်းကိုရည်ရွယ်၍ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြင့်သင်တန်း (၁/၂၀၁၇) ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမြိုင်က မိမိတို့၏လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရေးအတွက် လူမှုအခြေပြုဗဟိုဌာန (Community Center) အဆင့်မြှင့်တင်ခြင်းကို ရည်ရွယ်၍ ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြင့်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းစုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၉ ရက်အထိ ခြောက်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းနည်းပြများအဖြစ် မြို့နယ်ဦးစီးမှူးများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းဘာသာရပ်၊ စီမံခန့်ခွဲရေးဘာသာရပ်၊ ငွေစာရင်းဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ဆန်းသစ်တီထွင်ဘာသာရပ်နှင့် ပြည်သူ့စာကြည့်တိုက် စီမံခန့်ခွဲရေးဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည် **မေသရဖူဖူး**

## လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာမြင့်မားရေးသင်တန်းဖွင့်လှစ်

**သံတွဲ ဖေဖော်ဝါရီ ၁၇**
သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ပြန်/ဆက်ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့ဝင်းက သင်တန်းကာလအတွင်း သင်တန်းသားများ လိုက်နာဆောင်ရွက်ရမည့် သင်တန်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး ကျိန္တလီ မြို့နယ်ဦးစီးမှူး ဦးအောင်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ သံတွဲခရိုင်အတွင်းရှိ မြို့နယ်ရုံးများမှ အငယ်တန်းစာရေး၊ ရုပ်သံ-၃ ၊ စာထောက်-၃ နှင့် အကြီးတန်းစာရေးအဆင့် ဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၉ ရက်နေ့ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ၌ မူခင်းပညာပေးဟောပြောပွဲပြုလုပ်

**သုံးခွ ဖေဖော်ဝါရီ ၁၇**
ပြည်သူများ မှုခင်းမဖြစ်ပွားစေရေးနှင့် ပြစ်မှုကျူးလွန်မှုမခံရစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

မှုခင်းအသိပညာပေးဟောပြောပွဲတွင် သုံးခွမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး နိုင်နိုင်ငြိမ်းက ဟောပြောရာတွင် ရဲလုပ်ငန်းစနစ်သိရှိစေရန် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

## ACM Awards ဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းကို ဦးဆောင်နေတဲ့ ကိတ်သ်အာဘန်နဲ့ မီရန်ဒါလမ်းဘာ့ထ်

ထင်ရှားတဲ့ ကန်းထရီးတေးဂီတ ဆုပေးပွဲ တစ်ပွဲဖြစ်တဲ့ "Academy of Country Music (ACM) Awards" ဆုပေးပွဲကြီးရဲ့ ယခုနှစ် ဆုပေးပွဲအတွက် ဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ရာမှာတော့ နာမည်ကျော် ကန်းတရီးတေးသံရှင်တွေ ဖြစ်ကြတဲ့ ကိတ်သ်အာဘန်နဲ့ မီရန်ဒါလမ်းဘာ့ထ်တို့က ဆုအရေအတွက် အများဆုံးအတွက် လျာထားခံနေရပြီး ဆန်ခါတင်စာရင်းကို ဦးဆောင်နေကြောင်း အေ့စ်ရှီးဘစ်ဖ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါ ဆုဆန်ခါတင်စာရင်းမှာ ကာရီးအန်ဒါဝတ်ဒ်၊ ခရစ်စတက်ပ်လက်တန်၊ မာရန်မိုရစ်နဲ့ လုခ်ဘရိုင်ယန်စတဲ့ အခြားသော နာမည်ကျော် ကန်းထရီး တေးသံရှင်တွေလည်း ပါဝင်နေကြောင်း သိရပါတယ်။

ကိတ်သ်အာဘန်ကတော့ ယခုနှစ်ရဲ့ အကောင်းဆုံး အမျိုးသား တေးသံရှင်ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ကာ တစ်နှစ်တာရဲ့ အကောင်းဆုံး ဖျော်ဖြေတင်ဆက်သူ




အဖြစ်လည်း လျာထားခံထားရပါတယ်။ အလားတူ မီရန်ဒါလမ်းဘာ့ထ်ဟာလည်း ယခုနှစ်ရဲ့ အကောင်းဆုံး အမျိုးသမီး တေးသံရှင်ဆုရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်နေခဲ့ကာ မီရန်ဒါလမ်းဘာ့ထ်ဟာ အဆိုပါ ထူးချွန်ဆုကို လွန်ခဲ့တဲ့ ခုနစ်နှစ်ဆက်တိုက် သိမ်းပိုက်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ခုနှစ်ရဲ့ အဆိုပါဆုပေးပွဲကြီးကို အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့မှာ လာမယ့် ဧပြီ ၂ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ကန်းထရီးတေးသံရှင်တွေဖြစ်ကြတဲ့ လုခ်ဘရိုင်ယန်နဲ့ ဒီရစ်ခ်ဘန့်ထ်လေတို့က အခမ်းအနားမှူးတွေအဖြစ် တင်ဆက်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## ဂိုဟေဆန်းရဲ့ ရုပ်ရှင်သစ် "You're Too Much"

တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Boys Over Flowers(F4)"မှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဂင်ဂျန်ဒီအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဂိုဟေဆန်းရဲ့ရုပ်ရှင်သစ်တစ်ကားကို လာမယ့်မတ်လအတွင်း စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင် "You're Too Much"ဟာ တောင်ကိုရီးယားရုပ်သံလိုင်းတစ်လိုင်းဖြစ်တဲ့ MBC ကနေ လာမယ့် မတ် ၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး သီတင်းပတ်တစ်ပတ်မှာ အပိုင်းနှစ်ပိုင်းကျထုတ်လွှင့်သွားမည်ဖြစ်ကာ အဆိုပါရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်မှာ အပိုင်းပေါင်း ၃၀ ပါဝင်ကြောင်းလည်း သိရပါတယ်။

"You're Too Much" ဟာ နာမည်ကျော်ကြယ်ပွင့်အဆိုတော်တစ်ဦးနဲ့ အတုအယောင်အဆိုတော်တစ်ဦးအကြားမှာရှိတဲ့ အမုန်းတရားတွေ၊ အဆင်မပြေမှုတွေနဲ့အတူ ချစ်ခြင်းမေတ္တာတွေ ကိုယ်ချင်းစာတရားတွေကိုပါ ခံစားကြရမှာဖြစ်ပြီး သားအမိနှစ်ဦးအကြားက မေတ္တာတရားတွေကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ဂိုဟေဆန်းဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း လက်ထပ်ခဲ့ပြီးနောက် အနုပညာခရီးကို ရပ်နားလိုက်ခြင်းမရှိဘဲ ယခုလို ရှေ့ဆက်ခဲ့တာကို တွေ့မြင်ခဲ့ကြရတာဖြစ်ပြီး ယင်းရုပ်ရှင်ဟာလည်း ဂိုဟေဆန်းရဲ့ လက်ထပ်ပြီးနောက် ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ ယင်းရုပ်ရှင်မှာ ဂိုဟေဆန်းနဲ့အတူ မင်းသမီး ဆန်းတေးယောင်းလည်း ပါဝင်သရုပ်ဆောင်ထားပြီး ဆန်းတေးယောင်းကတော့ လက်ထပ်ပြီးနောက်ပိုင်း အနုပညာလှုပ်ရှားမှုတွေကို ရပ်နားထားကာ လေးနှစ်ကြာပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။

## Fifth Harmony အဖွဲ့ဝင်တွေနဲ့ စကားမပြောတော့ဘူးလို့ဆိုလာတဲ့ ကမ်မီလာပက်ဘဲလို

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလိုက သူအနေနဲ့ "Fifth Harmony" ကနေ နုတ်ထွက်ပြီးခဲ့တဲ့နောက်ပိုင်း အဆိုပါတေးဂီတအဖွဲ့မှာ ကျန်ရှိနေခဲ့တဲ့ အခြားသော တေးဂီတအဖွဲ့ဝင်တွေနဲ့ စကားပြောဆိုဖြစ်ခြင်း မရှိတော့ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှာ "Fifth Harmony" ကနေ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တဲ့ ကမ်မီလာကပ်ဘဲလိုဟာ သူ့ရဲ့တစ်ကိုယ်တော်တေးသံရှင်ဘဝကို ဖန်တီးဖို့အတွက် တေးဂီတအဖွဲ့မှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကာ အဆိုပါတေးဂီတအဖွဲ့မှာ ရှိနေစဉ်အတွင်း သူ့ရဲ့ အရည်အချင်းတွေကို ကိုယ်စွမ်းရှိသလောက် ထုတ်ဖော်ပြသနိုင်ခွင့် မရခဲ့တာကြောင့် ယခုလို နုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်းလည်း မကြာသေးမီက ဘေဘုတ်ဒေ့ါကွန်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။



ဆက်လက်ပြီး ကမ်မီလာကပ်ဘဲလိုက ဒီလိုအဖွဲ့ဝင်တွေနဲ့ အဆက်အသွယ်မရှိတော့ဘဲ တစ်လမ်းစီရှေ့ဆက်ခဲ့ကြပေမယ့် သူ့ဆီမှာတော့ ကျန်ခဲ့တဲ့ အဖွဲ့ဝင်ဟောင်းတွေအတွက် ချစ်ခြင်းမေတ္တာတွေသာ ကျန်ရှိနေသေးကြောင်းလည်း အဆိုပါအင်တာဗျူးကနေတစ်ဆင့် ရင်ဖွင့်ခဲ့ကြောင်းလည်း သိရပါတယ်။

## ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးသီချင်းသစ် It Ain't Me စတင်ထုတ်လွှင့်



အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ လတ်တလောမှာ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဖ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးသီချင်းကို "It Ain't Me" လို့ အမည်ပေးထားပြီး ယင်းတေးသီချင်းမှာ ဆယ်လီနာက နော်ဝေလူမျိုး ဒီဂျေပညာရှင်တစ်ဦးဖြစ်တဲ့ ကိုင်ဂိုနဲ့ တွဲဖက်ဖန်တီးထားကြောင်းလည်း သိရပါတယ်။ အဆိုပါတေးသီချင်းမှာ အဆိုပညာနဲ့ပတ်သက်ပြီး ပိုမိုရင့်ကျက်လာပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ သီဆိုဟန်ကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါတေးသီချင်းဟာ ဆယ်လီနာဂိုမက်ဇ်အနေနဲ့ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်း ပထမဆုံးအကြိမ် ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်လည်းဖြစ်ပါတယ်။

ယင်းတေးသီချင်းဟာ ချစ်သူရဲ့ လမ်းခွဲဖို့တောင်းဆိုမှုတွေကြောင့် နာကျင်ခံစားခဲ့ရတဲ့ မိန်းကလေးတစ်ဦးရဲ့ ခံစားချက်တွေကို ဖွင့်ဟထားသော ဝမ်းနည်းဖွယ် အချစ်ဇာတ်လမ်းတစ်ပုဒ်အကြောင်း ဖွဲ့သီထားတဲ့ တေးသီချင်းတစ်ပုဒ်လည်းဖြစ်တာကြောင့် အဆိုပါတေးသီချင်းဟာ ဆယ်လီနာအနေနဲ့ ချစ်သူဟောင်း ဂျက်စတင်ဘီဘာကို ရည်ညွှန်းသီဆိုခဲ့ခြင်းလေလားလို့ ဝေဖန်သံတွေဟာလည်း အဆိုပါတေးသီချင်းထုတ်လွှင့်မှုနဲ့အပြိုင် ပေါ်ထွက်လာခဲ့ပါတယ်။

လတ်တလောမှာ အာရန်ဘီတေးသံရှင် ဒရိတ်ခ်နဲ့ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ပြီဖြစ်ကာ နှစ်ဦးသားအတူ အပျော်ခရီးတွေထွက်ခဲ့ကြတဲ့ ဆယ်လီနာအနေနဲ့ ဒီလိုချစ်စခင်စအချိန်မှာ ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဟာ အချစ်သီချင်းချိုချိုလေးတွေ ဖြစ်သင့်ပေမယ့် ယခုလို အသည်းကွဲသီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ခဲ့တဲ့အပေါ် ဟောလိဝုဒ်မီဒီယာတွေက ဆယ်လီနာအနေနဲ့ သူ့ရဲ့ ချစ်သူဟောင်းအပေါ် ခံစားချက်တွေ မကုန်သေးတာဖြစ်နိုင်ကြောင်း ဝေဖန်ခဲ့ကြပါတယ်။

ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦး တရားဝင်ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီးတဲ့နောက် သယ်ဝိခ်ကန်းဒ်နဲ့ ဂျက်စတင်ဘီဘာတို့အကြား ဆက်ဆံမှုတွေ မပြေမလည်ဖြစ်ခဲ့ရပြီး ဂျက်စတင်ဘီဘာက သယ်ဝိခ်ကန်းဒ်ကို လူမှုကွန်ရက်မီဒီယာပေါ်ကနေ တစ်ဆင့်စကားနဲ့ ထိုးနှက်မှုတွေ အကြိမ်ကြိမ်ရှိခဲ့ကာ သယ်ဝိခ်ကန်းဒ်ကလည်း သူ့ရဲ့နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Some Way" မှာ ဂျက်စတင်ဘီဘာကို စောင်းမြောင်းရေးသားထားတဲ့ စာသားတွေကို ထည့်သွင်းထားခဲ့ကြောင်းလည်း သိရပါတယ်။

သယ်ဝိခ်ကန်းဒ်ရဲ့ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "Some Way" စတင်ထုတ်လွှင့်ပြီးနောက် ရက်အနည်းငယ်အကြာမှာ ဆယ်လီနာဂိုမက်ဇ်က ယခုလို "It Ain't Me" ကို စတင်ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်–စုစည်းသည်။**

## လီမင်ဟိုရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ် လာမည့်လအတွင်း ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုဟာ လတ်တလောမှာ သူ့ရဲ့ တစ်ကိုယ်တော် တေးသီချင်းသစ်တစ်ပုဒ်ကို ပြင်ဆင်နေပြီး အဆိုပါတေးသီချင်းကိုလာမယ့် မတ်လအတွင်း စတင်ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီမင်ဟိုရဲ့ တေးသီချင်းထွက်ရှိမယ့်ရက် အတိအကျကိုတော့ လတ်တလောအချိန်မှာ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပေမယ့် လာမယ့် ဖေဖော်ဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ ကျင်းပသွားမယ့် လီမင်ဟိုနဲ့ပရိသတ်တွေ တွေ့ဆုံကြမယ့် အခမ်းအနား "The Originality of LEE MIN HO" မှာတော့ လီမင်ဟိုက အဆိုပါတေးသီချင်း ထုတ်လွှင့်မယ့်ရက်ကို ကိုယ်တိုင်ထုတ်ဖော်ပြောကြားသွားမှာဖြစ်ကြောင်း သိရပါတယ်။

လာမယ့် မတ်လအတွင်း ထုတ်လွှင့်မယ့် သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းကို လီမင်ဟိုက "Always" လို့ အမည်ပေးထားပြီး အဆိုပါ တေးသီချင်းဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ လီမင်ဟိုရဲ့ တေးသီချင်း "The Day" အပြီး ပထမဆုံးအကြိမ် ပြန်လည်ထုတ်လွှင့်တဲ့ တစ်ကိုယ်တော်တေးသီချင်းဖြစ်တာကြောင့် လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် ထုတ်လွှင့်မယ့် လီမင်ဟိုရဲ့ တေးသီချင်းဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

မကြာမီထုတ်လွှင့်တော့မယ့် တေးသီချင်း "Always" ဟာ လီမင်ဟိုရဲ့ ပရိသတ်တွေကို ရည်ညွှန်းထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အဆိုပါတေးသီချင်းမှာ လီမင်ဟိုရဲ့ ပရိသတ်တွေနဲ့ပတ်သက်တဲ့ ပျော်ရွှင်တဲ့ ခံစားမှုတွေနဲ့အတူ ပရိသတ်တွေကို ပြောကြားချင်နေတဲ့ ကျေးဇူးတင်စကားတွေကို တွေ့မြင်ခံစားကြရမှာဖြစ်ပါတယ်။ ဒ့ါအပြင် လီမင်ဟိုရဲ့ အဆိုပါတေးသီချင်းကို တောင်ကိုရီးယားနိုင်ငံအတွင်းသာမက ကမ္ဘာတစ်ဝန်းကိုပါ ဖြန့်ချိသွားရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။



# ကျေးလက်နေတောင်သူများ သီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ခြင်းများဆောင်ရွက်

**ငါးသရောက် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် အညာကျေးလက်ဒေသများတွင် ဒေသခံပြည်သူများသည် မြေယာစိုက်ပျိုးရေးလုပ်ငန်းကို နှစ်စဉ်စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုအချိန်သည် စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများ သိမ်းဆည်းပြီးချိန်ဖြစ်၍ တောင်သူများက လာမည့်မိုးဦးကျချိန်၌ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်၍ အမှိုက်များရှင်းလင်းခြင်းနှင့် ထယ်ရေးညက်အောင် နွေထယ်ရေးထွန်ယက်ခြင်းလုပ်ငန်းများကို ကြိုတင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ ငါးသရောက်မြို့နယ် အညာကျေးလက်ဒေသတွေက ကျေးလက်နေပြည်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းကို ပဲအဓိကစီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒီအချိန်ကတော့ အညာကျေးလက်ဒေသတွေမှာ တောင်သူတွေ စိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေ အားလုံးသိမ်းဆည်းလို့ပြီးသွားပါပြီ။ လာမည့်နှစ်အတွက် ကြိုတင်ပြီးတော့ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်အောင် တောင်သူတွေဟာ မိသားစုအလိုက် အမှိုက်များရှင်းလင်းခြင်းနှင့် ထယ်ရေးညက်အောင် နွေထယ်ရေး ထွန်ယက်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လုပ်ကိုင်နေကြပါပြီ။ အချို့တောင်သူတွေကလည်း မြေယာထွန်စက်တွေ ငှားရမ်းပြီး လုပ်ကိုင်နေကြပါတယ်" ဟု ငါးသရောက်မြို့နယ်မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့်တောင်သူတစ်ဦးက ပြောသည်။

မြေယာထွန်စက်ငှားရမ်းလုပ်ကိုင်လျှင် တစ်နာရီကို ငွေကျပ် ၁၁၀၀၀ မှ ၁၃၀၀၀ အထိပေးရပြီး မိုးရွာသွန်းမှုအားနည်းလျှင်လည်း သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက်ကို မြေယာပြုပြင်ခြင်းလုပ်ငန်းများကို အားထားလုပ်ကိုင်ရကြောင်း၊ တောင်သူတွေဟာ မိုးဦးကျသည့်အချိန် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းကို ကြိုတင်ဆောင်ရွက်လုပ်ကိုင်လေ့ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## မိဿလင်ကျေးရွာ ကွန်ကရစ်လမ်းအတွက် ထောက်ပံ့ငွေပေးအပ်

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မိဿလင်ကျေးရွာ ရွာတွင်းလမ်းမကြီး အလျား ၄၈၁၁ ပေ၊ အနံ ခြောက်ပေ၊ ဒုခြောက်လက်မ ကွန်ကရစ်ခင်းရန်အတွက် နိုင်ငံတော်မှ ပစ္စည်း ၅ မျိုး၊ ပံ့ပိုးငွေကျပ် ၂၂ ဒသမ ၃၆၅၅ သန်းအား ပေးအပ်ပွဲအခမ်းအနားကို ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရုံး၌ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါပံ့ပိုးငွေကို ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းက ပေးအပ်ရာ ကျိုက်လတ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်မိုးက လက်ခံရယူသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအား ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်၍ မတ် ၁၅ ရက်တွင် ပြီးစီးမည်ဖြစ်ပြီး ယင်းလမ်းပြီးစီးပါက ရဟန်းရှင်လူများ၊ သက်ကြီးရွယ်အိုများနှင့် ကျောင်းသူ၊ ကျောင်းသားလေးများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

## မြန်မာနိုင်ငံဆိုင်ရာ ကလေးလုပ်သားပပျောက်ရေးစီမံကိန်း လူငယ်များနှင့် တွေ့ဆုံညှိနှိုင်း

**မန္တလေး ဖေဖော်ဝါရီ ၁၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ILO Myanmar တို့ပူးပေါင်း ကျင်းပသော မြန်မာနိုင်ငံဆိုင်ရာ ကလေးလုပ်သားပပျောက်ရေးစီမံကိန်း လူငယ်များနှင့် တွေ့ဆုံညှိနှိုင်းရေး အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ နိုဘယ်မင်္ဂလာဟိုတယ်၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ILO မှ Mr. Selim Benaissa က အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ကလေးလုပ်သားပပျောက်ရေးစီမံကိန်းလူငယ်များနှင့် တွေ့ဆုံညှိနှိုင်းပြီး အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ILO Myanmar မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးရှိ လူငယ်ကွန်ရက်များမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေရေး နည်းပညာရှင်းလင်း

**မြစ်သား ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် မြို့နယ်သမဝါယမဦးစီးဌာနက ထက်သီဟနိုင် ကုမ္ပဏီနှင့်ပူးပေါင်း၍ ဒေသခံတောင်သူဦးကြီးများ ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းအမျိုးမျိုး စနစ်တကျကိုင်တွယ်ထိန်းသိမ်းတတ်စေရန် နည်းပညာရှင်းလင်းပွဲကို မြို့နယ်သမဝါယမဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနည်းပညာရှင်းလင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စန္ဒာကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အသင်းသားတောင်သူဦးကြီးများ တက်ရောက်ကြပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ထက်သီဟနိုင်ကုမ္ပဏီမှ တာဝန်ရှိသူများက ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းအမျိုးမျိုး စနစ်တကျကိုင်တွယ်ထိန်းသိမ်း သုံးစွဲတတ်စေရန် နည်းပညာများရှင်းလင်းဆွေးနွေးဟောပြောရာ တက်ရောက်လာသော တောင်သူဦးကြီးများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ စတင်ထုတ်ချေး

**ဟသ်ာတ ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းယူနစ်တွင်ပါဝင်သည့် စစ်ကုန်းအုပ်စု ရေလယ်သောင်ကျွန်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက စီမံကိန်းအသင်းဝင်ပြည်သူများထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလယ်သောင်ကျွန်းကျေးရွာရှိ စီမံကိန်းအသင်းဝင် ၁၅၂ ဦးအား မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ၂၈၉ ဒသမ ၆ သိန်း စတင်ထုတ်ချေးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ မနအင်အားအဆင့်အတန်းနှင့် လုပ်ငန်းအမျိုးအစားအလိုက် စီမံကိန်းမူဘောင်၊ စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ခုတ်ဝကျေးရွာရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေ



**တာချီလိတ် ဖေဖော်ဝါရီ ၁၇**

တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မြန်မာ့တော်ဝင်သစ္စာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သည့် မိုင်းဖုန်း (က) ကျေးရွာအုပ်စု၊ ခုတ်ဝကျေးရွာ ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ပထမပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ထွန်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခွန်မြင့်သောင်းက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါကျေးရွာအတွင်းရှိ ဒေသခံတစ်ဦးက ယခင်က မိမိတို့ကျေးရွာတွင် ပူပြင်းခြောက်သွေ့သည့်အချိန်၌ သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ရကြောင်း၊ ယခုအခါ ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိပြီး လူနေမှုအဆင်ပြေတော့မည်ဖြစ်ကြောင်း ပြောသည်။

ခုတ်ဝကျေးရွာ ရေပေးရေးလုပ်ငန်းအား ခွင့်ပြုငွေကျပ် ၁၇ ဒသမ ၈၅ သန်းဖြင့် စိမ့်စမ်းရေ နှစ်မိုင်အရှည်သွယ်ယူ၍ အုတ်ရေလှောင်ကန်မှတစ်ဆင့် ကျေးရွာနေပြည်သူများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း**

## သီးနှံများအထွက်နှုန်းကောင်းစေရေးသာမက အရည်အသွေးကောင်းစေရေးဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများဝင်ငွေကောင်းစေသော၊ ဒေသနှင့်ကိုက်ညီသောသီးနှံများအား အဓိကထားစိုက်ပျိုးစေပြီး သီးနှံများအထွက်နှုန်းကောင်းစေရေးသာမက အရည်အသွေးကောင်းသော သီးနှံမျိုးများဖြင့် ဒေသအတွင်းပျံ့နှံ့စေခြင်းဖြင့် ဈေးကွက် ပိုမိုရရှိရေးအတွက်ရည်ရွယ်ကာ ဘားကပ်ကျေးရွာအုပ်စု တောင်သူပညာပေးစခန်း၌ တောင်သူများ၊ စိုက်ပျိုးရေးဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီက တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။



ယင်းသို့တွေ့ဆုံရာတွင် ဘားကပ်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့် လက်တွေ့တောင်သူပညာပေး ကွင်းဆင်းဆောင်ရွက်နေရသော စိုက်ပျိုးရေးဝန်ထမ်းများအား ညွှန်ကြားရေးမှူး (စိုက်ပညာ) ဦးမြင့်ဦးက စိုက်ပျိုးရေးဦးစီးဌာနမှ ယခင်ကသီးနှံအထွက်တိုးစေရေးအား အဓိကထား ဆောင်ရွက်ခဲ့ပြီး ယခုအချိန်၌ အထွက်နှုန်းကောင်းရေးသာမက သီးနှံများ၏ အရည်အသွေးကောင်းစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အား လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း သီးနှံများအား မြေလွတ်မကျန် စိုက်ပျိုးရန်၊ အစုအဖွဲ့များဖြင့် အတူတကွ ညီညီညွတ်ညွတ် လုပ်ဆောင်ကြရန်၊ အစုအဖွဲ့ဖြင့် လုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးများအား ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး(စိုက်ပညာ)နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေး တာဝန်ခံများ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများသည် တရုတ်လှကျေးရွာရှိ နွေစပါးဆင်းသုခ (SRI) စိုက်ပျိုးထားရှိမှုအား ကြည့်ရှု၍ စိုက်ခင်းတာဝန်ခံများအား (SRI) စိုက်ပျိုးနည်းစနစ်များအား မှန်ကန်စွာ စနစ်တကျလုပ်ဆောင်ရန်၊ လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စုရှိ ရေဘုတ်ဆည်ရေသောက်ဧရိယာအတွင်း နွေစပါး မျိုးကွဲအလိုက် စိုက်ပျိုးထားရှိမှုများအား ကြည့်ရှုကာ တောင်သူများ၊ စိုက်တာဝန်ခံများအား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ကျေးရွာချင်းဆက်လမ်းလုပ်ငန်းများဆောင်ရွက်

**ရွှေကူ ဖေဖော်ဝါရီ ၁၇**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေကူ-ရေပျံလေး-တူးချောင်း-တောင်ကုန်း-တောပုန်း-မြောက်ရွာ ကျေးရွာချင်းဆက်လမ်း (၄ မိုင် ၆ဖာလုံခွဲ) လုပ်ငန်းကိုဆောင်ရွက်ရန်အတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့် ရုံးဝန်ထမ်းများ၊ လုပ်ငန်းတာဝန်ယူဆောင်ရွက်မည့် (Super Frequency၊ စိန်သစ္စာ၊ ကံထူးမနော၊ Luxury Gallop) ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများက လုပ်ငန်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက တောပုန်းကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာအုပ်စု၊ တိန်းဟွန်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်းသိရသည်။

**(ကြေးမုံ)**



## (၄၃) ကြိမ်မြောက် ရှင်သာမဏေ ရေးဖြေစာမေးပွဲ ဆင်ယင်ကျင်းပ

**ဖျာပုံ ဖေဖော်ဝါရီ ၁၇**
ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲ လေးမြို့နယ်(ပရိယတ္တိ နုဂ္ဂဟ အဖွဲ့၏) (၄၃)ကြိမ်မြောက် ရှင်သာမဏေ ရေးဖြေစာမေးပွဲကို ကျိုက်လတ်မြို့နယ်၊ (၇)လမ်း၊ တိလောကမာရဇိန် ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်ထိ ဆင်ယင်ကျင်းပရာ ရှင်သာမဏေ(အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း)စုစုပေါင်း ၂၆၂ ပါး ဝင်ရောက် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**(သပြေထွန်း)**

## ပဲခူးမြို့ ကျုံးသာယာလှပရေး ကျောက်စီမြေထိန်းနံရံနှင့် ရေနုတ်မြောင်းတူးဖော်

**ပဲခူး ဖေဖော်ဝါရီ ၁၇**
ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး မောင်မောင်လွင်သည် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်၊ အင်ဂျင်နီယာမှူး ဦးပြေကျော်၊ အင်ဂျင်နီယာဦးဇော်နိုင်တို့နှင့်အတူ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ ကျုံးသာယာလှပရေးအတွက် (RC) ဖရိန်ဖြင့် ကျောက်စီမြေထိန်းနံရံနှင့် ရေနုတ်မြောင်းတူးဖော်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျုံးအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေသားဖို့ခြင်း၊ မြေသားညှိခြင်းလုပ်ငန်း၊ ကျုံးပတ်ပတ်လည်ရှိ ကျုံးဧရိယာနှင့် မလွတ်ကင်းသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများအား လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၎င်းကျောက်စီမြေထိန်းနံရံမှာအလျား ၂၉၂၅ ပေ၊ အကျယ် ကိုးပေရှိပြီး ရေနုတ်မြောင်းမှာအရှည် ပေ ၁၃၅၀၊ အကျယ်နှစ်ပေ၊ အနက် သုံးပေရှိသည်။

ကျောက်စီမြေထိန်းနံရံနှင့်ရေနုတ်မြောင်းတူးဖော်ခြင်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၇၅၁ သိန်းဖြင့်ဆောင်ရွက်မည်ဖြစ်ရာ မတ်လအကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်ဝန်ကြီးက ကျုံးသာယာလှပရေး ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရေး၊ သတ်မှတ်အချိန်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အလေအလွင့်မရှိစေရေး၊ ကြပ်မတ်ဆောင်ရွက်ရေးတို့အားအလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

## အင်းစိန်မြို့နယ်၌ ကသွယ်ချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ရတနာသုခလမ်း ကသွယ်ချောင်းကူး သံကူကွန်ကရစ် ရတနာသုခတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါတံတား၏ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟန်မင်းနိုင်က တံတားဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ရပ်မိရပ်ဖ ဦးစိုးဝင်းက ကျေးဇူးတင်စကားပြောကြား၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးက တံတားတည်ဆောက်ရေးကော်မတီများအား လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းတံတားသည် အလျား ၉၃ ပေ၊ အနံ ၁၁ ပေ၊ အမြင့်ခြောက်ပေ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ တစ်လအကြာ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်စီစဉ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များ၊ ရပ်ကွက်အသီးသီးမှ ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေ ၁၉၉ သိန်း အကုန်အကျခံ ဆောင်လုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် အဆိုပါတံတားသည် ယခင်က သစ်သားတံတားဖြစ်သဖြင့် ကသွယ်ချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်၍ တံတားဆွေးမြည့်ပျက်စီးနေသဖြင့် သံကူကွန်ကရစ်တံတားပြန်လည်တည်ဆောက်ပြီး ဖွင့်လှစ်နိုင်သောကြောင့် ရပ်ကွက်အတွင်း မီးသတ်ကားများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း ရပ်ကွက်သူ၊ ရပ်ကွက်သားများ ပျော်ရွှင်ဝမ်းမြောက်နေကြကြောင်း သိရသည်။

**(၆၈၄)**

## ကျွန်းစုမြို့နယ် သဲချောင်းကျေးရွာ၌ အ-လ-က(ခွဲ) နှစ်ထပ်စာသင်ဆောင်နှင့် တံတားနှစ်စင်းဖွင့်ပွဲကျင်းပ

**ကျွန်းစု ဖေဖော်ဝါရီ ၁၇**
ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု သဲချောင်းကျေးရွာတွင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ) နှစ်ထပ် စာသင်ဆောင်နှင့် ရွာလယ်လမ်း ကွန်ကရစ်ခင်းတံတားနှင့် ပေါင်းကူးတံတားတို့အား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီက ကျင်းပရာ ကျွန်းစုမြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဆန်းဦး၊ ဒေသခံအလှူရှင် ဦးကျားမောင်နှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ထပ်စာသင်ဆောင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၃၀ နှင့် ဒေသခံ အလှူရှင် ဦးကျားမောင်ဇနီး ဒေါ်မြမြမိသားစုနှင့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက စုပေါင်းထည့်ဝင်ငွေဖြင့် ၂၅ ပေ × ပေ ၉၀ နှစ်ထပ်စာသင်ဆောင်အား စုစုပေါင်းငွေ ကျပ် ၅၀၆၇၅၃၉၀ ဖြင့်လည်းကောင်း၊ ရွာလယ်လမ်း ကွန်ကရစ်တံတား ပေ ၉၄၀ × ၁၃ ပေ × ၁၅ ပေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၈၆ သိန်းနှင့် ဒေသခံပြည်သူများနှင့် စေတနာရှင်အလှူရှင်များ ထည့်ငွေဖြင့် စုစုပေါင်း ကုန်ကျငွေ ကျပ် ၆၂၂၆၂၂၀၀ ဖြင့်လည်းကောင်း၊ ပေ ၃၁၀ × ၁၀ ပေ × ၂၄ ပေရှိ ရွာတွင်းပေါင်း ကူးတံတားကို လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ်သိန်း ၁၁၀ နှင့် စေတနာရှင်ပြည်သူများမှ စုပေါင်းထည့်ဝင်ငွေဖြင့် စုစုပေါင်းကုန်ကျငွေကျပ် ၄၄၆၁၀၉၀၀ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဲချောင်းကျေးရွာတွင် အိမ်ခြေ ၄၄၀၊ အိမ်ထောင်စု ၄၇၂ စုနှင့် လူဦးရေ ၂၈၁၆ ဦးရှိပြီး အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၆၂၄ ဦးရှိကြောင်း သိရသည်။

**ရန်နိုင် (ကျွန်းစု ပြန်/ဆက်)**

# ဘားအံမြို့တွင်း၊ မြို့ပြင် နိုင်လွန်ကတ္တရာ(AC) လမ်းခင်းခြင်းလုပ်ငန်း အရည်အသွေးပြည့်မီရန်ပညာရှင်များကြည့်ရှုစစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၁၇**
ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးအတွက် ကရင်ပြည်နယ်အစိုးရ၏ သဘောတူညီမှုဖြင့် ဘားအံမြို့ပေါ်လမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ရောင်ခြည်သစ်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပထမစီမံကိန်းအဖြစ် ဘားအံ ရွှေယဉ်မျှော်စေတီခြေရင်းမှ အိန္ဒူအာရှလမ်းအထိ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီး မြို့တွင်း၊ မြို့ပြင်လမ်းများကို ပြည်နယ်အစိုးရခွင့်ပြုချက်ရယူကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘားအံမြို့တွင်း၊ မြို့ပြင်အဆင့်မြင့် နိုင်လွန်ကတ္တရာ(AC)လမ်းခင်းခြင်းလုပ်ငန်းခွင် အရည်အသွေးပြည့်မီရန် ပညာရှင်များက ဘားအံမြို့နယ် လှိုင်ကားကျေးရွာ နောင်လုံတောင်ကြားရှိ (AC) စက်ရုံတည်ရှိရာသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ရောင်ခြည်သစ်ကုမ္ပဏီ တာဝန်ရှိသူက ဖေဖော်ဝါရီ ၁၄ ရက်က ပြောကြားသည်။

"လမ်းခင်းတဲ့ ကုမ္ပဏီက လမ်းကြေးကောက်ခံတဲ့ BOT စနစ်နဲ့ ခင်းတာပါ။ လမ်းကြေးဆိုတဲ့နေရာမှာလည်း ကိုယ့်သဘောနဲ့ကိုယ် ကောက်လို့မရပါဘူး။ ပြည်နယ်အစိုးရနဲ့ ဆောက်လုပ်ရေးဌာနက သတ်မှတ်ပေးတဲ့အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ရောင်ခြည်သစ်ကုမ္ပဏီမန်နေဂျာ ဦးကျော်ထွန်းဦးက ပြောသည်။

ဘားအံမြို့တွင်း၊ မြို့ပြင် နိုင်လွန်ကတ္တရာ AC လမ်းခင်းခြင်းလုပ်ငန်းကို လမ်းခင်းကုမ္ပဏီမှ လမ်းကြေးခွန်ကောက်စနစ် B.O.T စနစ်ဖြင့်ခင်းခြင်းဖြစ်ပြီး လမ်းကြေးနှုန်းထားများကိုမူ ပြည်နယ်အစိုးရနှင့် ဆောက်လုပ်ရေးဦးစီးဌာနတို့၏ သတ်မှတ်ဆုံးဖြတ်ချက်များဖြင့်သာ ကောက်ခံသွားရမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့ပေါ်တွင် လက်ရှိ နိုင်လွန်စတင်ခင်းနေသည့် ရွှေယဉ်မျှော်မှမင်းတန်းလမ်းတစ်လျှောက်တွင် မူလလမ်းအကျယ်မှာ ပေ ၂၀ မှ ၂၄ ပေ အထိ အမျိုးမျိုးရှိနေပြီး လက်ခင်းကျောက်ကတ္တရာလမ်းအမျိုးအစားဖြစ်ကာ လက်ရှိနိုင်လွန်ကတ္တရာကို ၂၄ ပေ ပုံစံကျ တစ်ပြေးညီခင်းပြီး AC နိုင်လွန်ကတ္တရာ ဒုနှစ်လက်မခွဲ (ကြိတ်ပြီးအကျန်)



ထားရှိသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ တာဝန်ရှိသူများထံမှ သိရသည်။

ဘားအံမြို့အပါအဝင် လမ်းများကို ယခင်က နိုင်ငံတော်ဘတ်ဂျက်ဖြင့်သာ ပြုလုပ်ခဲ့ရသည့်အတွက် လမ်းအရည်အသွေးပိုင်း နိမ့်ကျခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတကာ ငွေကြေးအကူအညီများရှိလာပြီဖြစ်ရာ ကွန်ကရစ်လမ်းများ၊ နိုင်လွန် (AC) လမ်းများကို မိန်းလမ်းမကြီးများသာမက မြို့တွင်းလမ်းများကိုပါ ဆောက်လုပ်ရေးဦးစီးဌာနမှ ပြည်သူများအဆင်ပြေစေရန် အဆင့်မြှင့်တင်ခင်းပေးသွားမည်ဟုလည်း သိရသည်။

"ကျွန်တော်တို့က ဒီအစိုးရလက်ထက်ကျမှ AC လမ်းတွေ၊ ကွန်ကရစ်လမ်းတွေ လုပ်လာနိုင်တာလေ။ နိုင်ငံတကာ ငွေကြေးအထောက်အကူတွေကခုမှဝင်လာတာ၊ အရင်တုန်းကဆိုရင် နိုင်ငံတော်ဘတ်ဂျက်တစ်ခု တည်းနဲ့ ရပ်တည်ခဲ့ရတော့ ရိုးရိုးကတ္တရာလေးနဲ့ပဲ သွားရတဲ့အပိုင်းတွေရှိတယ်။ နောက်ဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း အာရှလမ်းမကြီးလို မိန်းလမ်းတွေသာမက မြို့တွင်းလမ်းတွေမှာပါ AC တင်ဖို့ရှိပါတယ်" ဟု ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဟန်စိုးက မြန်မာနိုင်ငံကျေးလက်လမ်းပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ရောင်ခြည်သစ်ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ ရာသီဥတုနှင့်ကိုက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် ပြည်ပသွင်းကုန် ကတ္တရာများဖြင့် ကုန်ကြမ်းထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီ ၁၀ ရက်က လှိုင်ကာကျေးရွာရှိ AC စက်ရုံတည်ဆောက်ထားသည့် ရှင်းလင်းဆောင်၌ ပြည်ပ ပညာရှင်များနှင့်အတူ ကွင်းဆင်းကာ အရည်အသွေးမြင့်မားသည့် AC လမ်းပိုင်းများ ခင်းကျင်းနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိဘားအံမြို့ပေါ်တွင် နိုင်လွန်ကတ္တရာခင်းကျင်းလျက်ရှိသည့် ရောင်ခြည်သစ်ကုမ္ပဏီအနေဖြင့် ရွှေယဉ်မျှော်မှစတင်၍ အိန္ဒူလမ်းစီမံကိန်းကို သတ်မှတ်ကာလအတွင်း လမ်းပိုင်းပြီးစီးသွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဘားအံ-သံလွင်တံတားမှ နောင်လုံတောင်ကြားလမ်းအတိုင်း အိန္ဒူသို့ ဒုတိယစီမံကိန်းအဖြစ် ဆက်လက်ခင်းကျင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်ဆန်း၊ ထွန်းထွန်းထွေး(ဘားအံ)**

NEW MOTION TRAVELS & TOURS

ESCAPE FROM EVERYDAY LIFE

ဧပြီလ ပျော်ရွှင်ဖွယ် သင်္ကြန်အားလပ်ရက်ခရီးစဉ်များ

**မန္တလေးမှထွက်မည့် ခရီးစဉ်များ**

| | |
|---|---|
| ဂျပန် | – ဧပြီ (၁၁ – ၂၀) |
| ကိုရီးယား | – ဧပြီ (၁၁ – ၂၀) |
| စင်္ကာပူ | – ဧပြီ (၁၃ – ၁၈) |
| စင်္ကာပူ–မလေးရှား | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက် | – ဧပြီ (၁၂ – ၁၇) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဗန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၈) |
| တရုတ်ပြည်မကြီး | – ဧပြီ (၁၂ – ၁၉) |

Call Now!

**ရန်ကုန်မှထွက်မည့် ခရီးစဉ်များ**

| | |
|---|---|
| အမေရိကား | – ဧပြီ (၁၀ – ၂၀) |
| | – ဧပြီ (၁၁ – ၂၇) |
| ဥရောပ | – ဧပြီ (၁၀ – ၂၄) |
| ဩစတြေးလျ | – ဧပြီ (၁၀ – ၂၀) |
| အင်္ဂလန် | – ဧပြီ (၁၁ – ၂၄) |
| စပိန်–ပေါ်တူဂီ | – ဧပြီ (၁၀ – ၂၁) |
| ဂရိ | – ဧပြီ (၁၁ – ၁၉) |
| တရုတ်ပြည်မကြီး | – ဧပြီ (၁၂ – ၁၉) |
| ဟောင်ကောင် | – ဧပြီ (၁၂ – ၁၇) |
| [illegible] | – ဧပြီ (၁၃ – ၂၀) |
| ဂျပန် | – ဧပြီ (၁၂ – ၂၁) |
| ဂျပန်(ဟိုကိုင်းဒိုး) | – ဧပြီ (၁၃ – ၂၁) |
| သီရိလင်္ကာ | – ဧပြီ (၁၂ – ၁၈) |
| ဗုဒ္ဓဂါယာ | – ဧပြီ (၁၃ – ၂၀) |
| ကိုရီးယား | – ဧပြီ (၁၁ – ၂၀) |
| ဒူဘိုင်း | – ဧပြီ (၁၂ – ၁၈) |
| ဘူတန် | – ဧပြီ (၁၂ – ၁၉) |
| ထိုင်ဝမ် | – ဧပြီ (၁၄ – ၂၀) |
| စင်္ကာပူ | – ဧပြီ (၁၂ – ၁၆) |
| | – ဧပြီ (၁၃ – ၁၇) |
| စင်း–မလေး | – ဧပြီ (၁၁ – ၁၈) |
| စင်း–ဘာလီ | – ဧပြီ (၁၂ – ၁၉) |
| ဘာလီ | – ဧပြီ (၁၂ – ၁၈) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဗန်ကောက် | – ဧပြီ (၁၂ – ၁၇) |
| [illegible] | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၈) |
| ဗီယက်နမ် (ဟနွိုင်း) | – ဧပြီ (၁၂ – ၁၆) |
| (ဒါနန်း) | – ဧပြီ (၁၃ – ၁၈) |
| (ဒါနန်း) | – ဧပြီ (၁၂ – ၁၇) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက်–ကမ္ဘောဒီးယား | – ဧပြီ (၁၃ – ၁၈) |

Feb & March!

| | |
|---|---|
| ဗုဒ္ဓဂါယာ | – Mar 02-09 |
| ဗန်ကောက် | – Feb 24-28 |
| ဖူးခက် | – Mar 24-28 |
| ဗီယက်နမ် | – Feb 24-27, Mar 17-20, Mar 24-28 |
| စင်္ကာပူ | – Feb 24-28, Mar 17-21 |

YANGON : No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944-55-66, 09-260792885-6-7
MANDALAY : No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443



KMD

KMD - Pearson VUE Authorized Test Centre

Schedule an exam at pearsonvue.com
PEARSON VUE Authorized Test Center

Microsoft | CISCO | vmware | ORACLE | HBX CORe X | JUNIPER | spring source | Linux Professional Institute | Adobe | IQN

- Information Technology, Business & Finance နှင့်အခြားသော Professional Certification Exam များကိုအချိန်နှင့်တစ်ပြေးညီ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။
- Exam ဖြေဆိုလိုသူများအနေဖြင့် Exam Schedule ရယူရန်အတွက် လူကိုယ်တိုင်လာရောက်ရန်မလိုအပ်ဘဲ Test Center ကို ဖုန်းခေါ်ဆိုရုံဖြင့် Schedule Time များကို ကြိုတင်၍ Register ပြုလုပ်နိုင်မှာဖြစ်ပါသည်။
- KMD Test Center တွင် Exam ဖြေဆိုဖူးသောသူများ(Old Users & Candidates), Networking & Programming သင်တန်းကျောင်းများ အနေဖြင့် အဖွဲ့လိုက် Exam ဖြေဆိုခြင်းများနှင့် လုပ်ငန်းအဖွဲ့အစည်းများအတွက်လည်း အထူး Promotion အစီအစဉ်များ စီစဉ်ပေးမှာဖြစ်ပါသည်။




No. 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
Contact : 01-502233, 527436, 534170.
Open Daily (Monday to Sunday) (Except Public Holiday)
Open Hours : 8:00 am to 6:00 pm




ကြော်ငြာ

**March Group Package | K&H TRAVELS | April Group Package**

| March | Date | Price | April | Date | Price |
|---|---|---|---|---|---|
| Hochimin | 01.March.2017 | 399 $ | Singapore | 13.April.2017 | 759 $ |
| Singapore | 24.March.2017 | 689 $ | Hochimin | 12.April.2017 | 499 $ |
| Bangkok | 24.March.2017 | 480 $ | Bali | 12.April.2017 | 929 $ |
| Cambodia | 24.March.2017 | 575 $ | Pattaya | 17.April.2017 | 495 $ |
| Japan | 25.March.2017 | 1700 $ | Korea | 13.April.2017 | 1969 $ |
| | | | Italy | 12.April.2017 | 3479 $ |

All Include | FLIGHT | HOTEL | CAR | Hot Line : 09 777 620 470, 09 777 704 430

ဒေါက်တာ ဝင်းဇော် (စေး-၁) ဦးစီးသော

**ကြယ်တာရာ**

Day Special နှင့်

★ လူရည်ချွန်နှင့် ဂုဏ်ထူးရှင်များမွေးထုတ်ပေးသည့်

★ မနက် မှ ည အထူးဂရုစိုက် သင်ကြားကြပ်မတ်ပေးသည့် Day Special

★ မိဘနှင့် မခြားရင်အုပ်မကွာ စောင့်ရှောက်မည့်

2017-2018

၁၄၉၃၊ ပြည်လုံးမွေးလမ်း၊ (၄၁) ရပ်ကွက်။ မြောက်ဒဂုံ။
၀၉-၇၃၁၄၁၂၉၇။ ၀၉-၂၆၄၂၆၄၉၀၃။ ၀၉-၂၅၀၀၇၅၁၁၈

# Gakken Classroom Franchise Opportunity Available Now!
## Open your learning centre from June

### Learn and grow with children

Working as a Gakken Classroom Franchise owner and instructor is very rewarding. There's nothing more precious than the smiles of children after they "get" something new they've worked hard at. Through such experience, you'll notice not only children's growth but your own as well.




### The largest market share in the Japanese after-school learning industry where children learn primary maths

Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centers.

Franchise Orientation

Date : 19th and 26th February 14:00 sharp (2 hours)
Place : #406, 4th Floor, Hledan Centre
Phone : 01-230 7803/09-4444 55803/09979682785
Fee : Free
Note: Please arrive at the venue 25-30 minutes earlier.
The Number of participants will be strictly limited and if you would like to join the orientation, please contact us.

Gakken

Find us on Facebook >> Gakken Classroom Franchise Myanmar

ဘင်ပညာရေးအတွက် အကောင်းဆုံးသော ရွေးချယ်မှု

**မဟာမြကျွန်းသာ**

ကိုယ်ပိုင်အထက်တန်းကျောင်း

တိုက် ၂-B၊ ၃-လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၁၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉-၈၆၂၈၆၃၈

**မိုးရှာမောင်**

အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

DYNA 15', 16'

09 5024774
09 73179228
09 49155515
09 49225338

LCCI - EDI (UK)

**စီးပွားယန်းအင်း**

ပညာရေးဝန်ဆောင်မှုလုပ်ငန်း

LCCI Level 1-2-3


AutoCount Computerised Accounting

2017 - July Series (March) (4.3.2017)

09-5118647-73009869-73013432-73028433


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

**MECHANICAL CAR PARKING**










TRW

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.48.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


အကောင်းဆုံး သင်ကြားပြသမှုကို ဝန်ဆောင်မှုပေးမည်

**N-3**

ဦးညာဏ်လွင် (ရူပဗေဒ)
သင်ကြားတည်ထောင်ပွင့်လှစ်သော
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးစော်ဒါ

၅ တန်း မှ ၁၀ တန်း အထိ

Ph: 01-577874, 09-73180267, 09-421167047, 09-420046938



**PVC GB**

10' x 10' 1 ကျင်း


30200 ~ 34700

Southern Ocean

White Elephant

၂၃၈၊ (၁)လမ်းမြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။

Tel : 01-642683, 642986
09-791828141, 09-791828143



SMART BOARD 6 mm, 8 mm

SUPER SMART BOARD 3mm, 6mm, 8mm



"ဗီဒေါင်ရှင်းစနစ်"

1 sqft 1200 ~ 1400

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

## မွေးနေ့မင်္ဂလာဆုမွန်လွှာ

**စိုးစံ (လင်း)** အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ ဝန်ထမ်းများ ချစ်ခင်လေးစားရပါသော MD ဦးအောင်ထွန်း၏ (၁၈. ၂. ၂၀၁၇)နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ ပျော်ရွှင်စွာဖြင့် ချစ်သောမိသားစုနှင့်အတူ သာသနာ့အကျိုး ဆောင်ရွက်နိုင်ပြီး ပြည့်စုံအောင်မြင်သောဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ...

စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ မှ ဝန်ထမ်းများ

---

**SUMMIT INTERNATIONAL LEARNING CENTRE**
No.91, Upper Kyeemyindine Rd, Yangon.

**Summer English 4-Skills**
Opening on 8th March
March, April & May
* (Mon~ Fri) Sessions
Session I - 8:30 am ~ 11:30 am
Session II - 12:00 noon ~ 3:00 pm
* (Sat~Sun) Session
9:00 am ~12:00 noon
Ph: 01 9317321, 09 450066812, 09 73150347.

---

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---

**စီးပွားယှဉ်းခင်း**
ပညာရေးဝန်ဆောင်မှုလုပ်ငန်း
ဝထေနှစ်ရှနောက်ဆုံးနှစ်ထိ အဝေးသင်
စီးပွားရေး၊ စီးပွားစီမံခန့်ခွဲမှု၊ E-မေဂျာ၊ ဥပဒေ၊ သမိုင်း၊ အသနိုက္ကာ၊ အရှေ့တိုင်း၊ စိတ်ပညာ
March လထဲ (12.3.2017)
